# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ် (၁၀၁)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ

အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၀ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

Coronavirus Disease 2019 (COVID-19) ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးထားသည့်ကိစ္စရပ်များ မပါ)အား ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

# ကာကွယ်ဆေးများ စဉ်ဆက်မပြတ်ရရှိနေစေရေးအတွက် မိမိနိုင်ငံတွင် ကာကွယ်ဆေးအား Ready to Fill စနစ်ဖြင့် ထုတ်လုပ်နိုင်အောင် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်မကုန်မီ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာန၊ အခြေခံ ပညာဦးစီးဌာန၊ အလယ်တန်း၊ အထက်တန်း အသက်(၁၂)နှစ်နှင့် အထက် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အလယ်တန်း၊ အထက်တန်း အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး

ယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် အတွက် နိုင်ငံတော်က ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ အစစအရာရာ အဆင်ပြေပါက လာမည့် သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလ အလွန်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်သည်။ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် အဓိကစိန်ခေါ်မှုမှာ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ထိန်းချုပ်နိုင်ရေးပင်ဖြစ်ရာ ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လုံးဝမရှိတော့သည့် သုညအခြေအနေသို့ ရောက်ရှိမည်ဆိုလျှင် အကောင်းဆုံးပင်ဖြစ်သည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ရာခိုင်နှုန်းသည် စက်တင်ဘာ ၃၀ ရက်နေ့တွင် ၈ ရာခိုင်နှုန်းတွင် ရှိနေသေးသည့်အတွက် ဆက်လက်လျော့နည်းကျဆင်းလာစေရန် ကြိုးပမ်းကြရဦးမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ထိန်းချုပ်နိုင်ရေးတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့် ကူးသန်းသွားလာမှုများ ကန့်သတ်ရေးသည်လည်းကောင်း၊ ရောဂါကာကွယ်ဆေးထိုးနှံလွှမ်းခြုံရေးသည်လည်းကောင်း အဓိကကျသော နည်းလမ်းများဖြစ်သည်။ အိမ်မှာနေပြီး ပြင်ပသွားလာမှုအပေါ် ကန့်သတ်ထားခြင်းသည် ကပ်ရောဂါပျံ့နှံ့မှု ထိန်းချုပ်ရေးတွင် လွန်စွာအရေးပါပြီး ထိရောက်မှုရှိသော်လည်း တစ်ဖက်တွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့အပေါ် ကြီးမားသည့် သက်ရောက်မှုဖြစ်ပေါ်စေသည်။ သို့ဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးစားပေးအုပ်စုများအလိုက် ထိုးနှံပေးခြင်းမှတစ်ဆင့် ယခုနှစ်ဒီဇင်ဘာလကုန်တွင် အသက် ၁၈ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပြီးဖြစ်စေရန် ရည်ရွယ်ချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ ပြည်ပ ကာကွယ်ဆေး ထုတ်လုပ်သည့်နိုင်ငံများမှ ကာကွယ်ဆေးများ စဉ်ဆက်မပြတ်ရရှိသည်နှင့်အမျှ ရည်မှန်းချက်လည်း အောင်မြင်မည်ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံမှုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ ကာကွယ်ရာတွင် လွန်စွာထိရောက်သလို ရောဂါကူးစက်ခံရပါကလည်း ရောဂါပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုအန္တရာယ်တို့မှ လွန်စွာလျော့နည်းသက်သာစေသည်ကို သာဓကများအရ မိမိတို့တွေ့ရှိကြရပြီးဖြစ်သည်။ သို့ဖြစ်သည့်အတွက် ကျောင်းဖွင့်ချိန်တွင် စိတ်ချလက်ချ ကျောင်းတက်နိုင်ကြရေးအလို့ငှာ အလယ်တန်းနှင့် အထက်တန်းအရွယ် ကျောင်းသူကျောင်းသားများ ကျောင်းမဖွင့်မီ ကပ်ရောဂါကာကွယ်ဆေးထိုးနှံပေးမည့်အစီအစဉ်မှာ အားလုံးကကြိုဆိုကြရမည့် ကောင်းသည့်အစီအစဉ်ပင်ဖြစ်သည်။ ကလေးများနှင့် လူငယ်များကို ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းသည် မိမိတို့နိုင်ငံက ပထမဦးဆုံး စွန့်စားရမည့်အလုပ်မျိုးမဟုတ်ဘဲ ကာကွယ်ဆေးထုတ်လုပ်သည့် တရုတ်နိုင်ငံအပါအဝင် အခြားနိုင်ငံများတွင်လည်း သိန်းနှင့် သန်းနှင့်ချီ၍ ထိုးနှံပေးခဲ့ပြီး ထိရောက်စွာ ကာကွယ်ပေးနိုင်သည့် အကျိုးရလဒ်လည်း ရရှိခဲ့ပြီးဖြစ်သည်ဟု သိရသည်။

ကျောင်းသူ ကျောင်းသားများနှင့် ဆရာ ဆရာမများတွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံမှုခံယူထားပြီး ကျောင်းများ၌ စာသင်ကြားရာတွင်လည်း ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ သင်ကြားသင်ယူမှု ပြုလုပ်မည်ဆိုပါက ရောဂါကူးစက်မှုကို အကြောင်းပြု၍ ကျောင်းများ ပိတ်ရခြင်းကို ရှောင်ကြဉ်နိုင်မည်ဖြစ်ပြီး ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားမှုကို စဉ်ဆက်မပြတ်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ဗဟုသုတသင်ကြားမှုများ ပြုလုပ်ပေးခြင်းဖြင့်လည်း ကျောင်းသူ ကျောင်းသားများအတွင်း သိနားလည်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အပြည့်အဝထိုးနှံခြင်းနှင့် ရေရှည်တွင် ထပ်ဆောင်းထိုးနှံမှုများ ပြုလုပ်သွားခြင်းအားဖြင့် နိုင်ငံအတွင်း ကပ်ရောဂါကြောင့် ယာယီရပ်ဆိုင်းထားရသည့် စီးပွားရေးလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံ ကုန်ထုတ်လုပ်မှုများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ စသည်တို့ ပြန်၍လည်ပတ်လာနိုင်မည်ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေး ပြန်လည်နိုးထလာရေးအတွက် လွန်စွာအရေးပါသည့် အလျောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများ ရည်မှန်းချက် ပေါက်မြောက်အောင်မြင်ရေးအတွက် ပြည်သူလူထုအားဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၀-၉-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 2 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 3 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 4 | Injection – Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 5 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 6 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 7 | Injection Enoxaprim 40 mg | 1 Pre– Filled Syringe | 7000 | Nyi Lay Naing |
| 8 | Injection Enoxaprim 60 mg | 1 Pre– Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 9 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 10 | P.O Dextromethophan | 10X10's | 1450 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 3233025 2139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ပြင်စည်မြို့ဟောင်း ခေတ်မီဈေးသစ် တည်ဆောက်မည်

**နွားထိုးကြီး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုနှင့် ပြင်စည်မြို့မ ခေတ်မီ ဈေးကြီးတည်ဆောက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်အမှုဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးအောင်ထံက သိရသည်။

ပြင်စည်ဈေးကြီးကို ခရိုင်ချင်းဆက်လမ်းမအနီးတွင် ဆိုင်ခန်း ၉x၉ (၁၂၂) ခန်းနှင့် ပုံကျဈေးဆိုင်ခန်း ၅x၅ ဆိုင်ခန်း ၁၆၀ ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ပြင်စည်မြို့မဈေးဆိုင်ခန်းများကို ငါးနေရာခွဲ၍ စတင်ရောင်းချနေပြီး ဝယ်ယူလိုသူများ ဆက်သွယ်လျှောက်ထားနိုင်ပြီဖြစ်သည်။ ပြင်စည်စံပြရွာမှာ အိမ်ခြေ ၁၀၀၀ ကျော်ရှိပြီး မြင်းခြံ-မန္တလေး ကားလမ်းအပြင် ရန်ကုန်- မန္တလေးအမြန်လမ်း၊ ရန်ကုန်- မန္တလေး




အမှတ် ၄ လမ်းတို့ ဖြတ်သန်းသွားသည့် ပြင်စည်မြို့ဟောင်းဖြစ်သည်။

ဌေးမြင့်မောင်

## ကော့သောင်းမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထို့သို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## မိုးထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

# စဉ်ဆက်မပြတ် သင်ကြားနေမှသာ တိုးတက်မှုရှိမည်

**စာသင်ကျောင်းများ ပိတ်ထားရသည်မှာ ၂ လခန့်ရှိပြီ ဖြစ်ကြောင်း၊ စာသင်ကျောင်းများဖွင့်မှသာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေး လမ်းကြောင်းပေါ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် စဉ်ဆက်မပြတ်သင်ကြားနေမှသာ တိုးတက်မှုရှိမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးလမ်းကြောင်းပေါ်တွင် အမြဲရှိစေချင်သဖြင့် အလေးပေး ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးများနှင့် အခြားလိုအပ်သည့် ဆေးဝါးများတင်သွင်းမှုနှင့် ပတ်သက်၍လည်း နှောင့်နှေးမှုများ မရှိအောင် စီမံဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံတိုင်းတွင် ကိုဗစ်-၁၉ ရောဂါအား ကုသနိုင်ရန် အတွက် ICU များ တည်ဆောက်ရေးအတွက်လည်း မှာကြားထားပြီးဖြစ်ကြောင်း၊ ဆေးရုံများသပ်သပ်ရပ်ရပ်ဖြင့် အဆင့်ရှိရှိဖြစ်စေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများက စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❑ *ရွှေဖုံးမှ*

အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**မြန်မြန်ဆန်ဆန်ကာကွယ်ဆေးထိုး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မကြာမီဖွင့်လှစ်မည့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များ၊ ကာကွယ်ဆေးအား ရရှိသည့်ဆေးအရေအတွက်များအလိုက် ထိုးနှံပေးနိုင်မည့်အခြေအနေများနှင့် မြန်မြန်ဆန်ဆန် ကာကွယ်ဆေးထိုးနှံနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အချက်များ ဆွေးနွေးနိုင်ရန် ယခုအစည်းအဝေး ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ တတိယလှိုင်းကာလအတွင်း ယမန်နေ့ ကမ္ဘာ့တစ်ဝန်း ထပ်မံကူးစက်မှုအနေဖြင့် လေးသိန်းကျော်ရှိခဲ့ပြီး သေဆုံးမှု ၈၈၀၀ ခန့် ရှိခဲ့ကြောင်း၊ သို့ဖြစ်၍ လက်ရှိကာလအထိ တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု စက်တင်ဘာ ၃၀ ရက်အထိ ၂၃၄ သန်း ကျော်ရှိပြီး ၄ ဒသမ ၇ သန်း ကျော်သေဆုံးခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် ယမန်နေ့အထိ စာရင်းများအရ ပိုးကူးစက်ပြန့်ပွားမှုအနေဖြင့် ၈ ဒသမ ၃ ရာခိုင်နှုန်းအထိ ကူးစက်မှုရှိနေသေးကြောင်း၊ ကိုဗစ်-၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ရည်မှန်းချက်နှင့် နိုင်ငံတကာစံနှုန်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ သတ်မှတ်ချက်များအရ ရောဂါကူးစက်မှုနှုန်း ၅ ရာခိုင်နှုန်းအောက်မှ လုံးဝကူးစက်မှု မရှိတော့သည့်အထိ ကျဆင်းရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအကုန်တွင် မြန်မာနိုင်ငံအတွင်းရှိ အသက် ၁၈ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပြီးဖြစ်အောင် ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**အမြန်ဆုံး ကျောင်းပြန်လည်တက်ရောက်နိုင်**

မိမိတို့ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကလည်း ချမှတ်ထားသည့် ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များနှင့် ပေါင်းစပ်ပြီး ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီဥက္ကဋ္ဌက မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူခွင့် တစ်နှစ် ဆုံးရှုံးမှု မရှိစေရေးအတွက် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ဖြစ်ပွားခဲ့ပြီး မိမိတို့နိုင်ငံကိုပါ ကူးစက်မှုများပြားလာသည့်အတွက် စာသင်ကျောင်းများကို ပြန်လည်၍ ယာယီပိတ်ခဲ့ရပါကြောင်း၊ ယခုအခါ ရောဂါပိုးကူးစက်ပြန့်ပွားမှုနှုန်းသည် ယခင်ကလောက် မပြင်းထန်တော့ဘဲ ပိုးကူးစက်မှု ရာခိုင်နှုန်းသည် နေ့စဉ် စစ်ဆေးသည့် ပမာဏ၏ ၈ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ စာသင်နှစ် တစ်နှစ်နှစ်နာမှုမရှိစေရေး အမြန်ဆုံး ကျောင်းပြန်လည်တက်ရောက်နိုင်ရန် စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား ၊ ကျောင်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုမခံရစေရန်နှင့် ကျန်းကျန်းမာမာဖြင့် စာပေသင်ကြားနိုင်ရန် ရည်ရွယ်၍ အောက်တိုဘာလ ကျောင်းပိတ်ရက်ရှည် ကာလအလွန်တွင် ပြန်လည်ဖွင့်လှစ်နိုင်အောင် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အခြေခံပညာအလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝထိုးနှံပေးသွားရန်လိုကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှသာလျှင် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများ အပြန်အလှန် ယုံကြည်စိတ်ချစွာဖြင့် ပညာသင်ကြားနိုင်မည်ဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ်ရရှိအောင် ကြိုးပမ်း**

ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများ အမြန်ဆုံး ပြီးမြောက်အောင်မြင်ရေးနှင့် စာရင်းဇယားများ မှန်ကန်စေရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ဆွေးနွေးပေးသွားရန် လိုအပ်ကြောင်း၊ ကိုဗစ်ရောဂါကူးစက်ပြန့်ပွားမှု ပြီးဆုံးမည့်ကာလကို တိတိကျကျသတ်မှတ်၍ မရကြောင်း၊ ၎င်းအပြင် ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍လည်း ၆ လ တစ်ကြိမ် ထပ်မံထိုးနှံရန် လိုအပ်သည်ဟု အကြံပြုချက်များလည်း ရှိနေပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် ကာကွယ်ဆေး စဉ်ဆက်မပြတ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးများ စဉ်ဆက်မပြတ်ရရှိနေစေရေးအတွက် မိမိနိုင်ငံတွင် ကာကွယ်ဆေးအား Ready to Fill စနစ်ဖြင့် ထုတ်လုပ်နိုင်အောင် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်မကုန်မီထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံမှုအား ၆ လ တစ်ကြိမ် ပူပန်စိုးရိမ်မှုမရှိဘဲ ထိုးနှံနိုင်မည်ဖြစ်ပြီး ကူးစက်မှုကိုလည်း အတိုင်းအတာ တစ်ခုအထိ ကာကွယ်သွားနိုင်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ညှိနှိုင်းတိုင်ပင်မှုများ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကြက်ခြေနီ အဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ၊

*စာမျက်နှာ ၄ သို့*

❊ ယခုအခါ ရောဂါပိုးကူးစက်ပြန့်ပွားမှုနှုန်းသည် ယခင်ကလောက် မပြင်းထန်တော့ဘဲ ပိုးကူးစက်မှု ရာခိုင်နှုန်းသည် နေ့စဉ် စစ်ဆေးသည့် ပမာဏ၏ ၈ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ စာသင်နှစ် တစ်နှစ် နှစ်နာမှုမရှိစေရေး အမြန်ဆုံး ကျောင်းပြန်လည်တက်ရောက်နိုင်ရန် စဉ်းစားဆောင်ရွက်လျက်ရှိ

❊ ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား ၊ ကျောင်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုမခံရစေရန်နှင့် ကျန်းကျန်းမာမာဖြင့် စာပေသင်ကြားနိုင်ရန်ရည်ရွယ်၍ အောက်တိုဘာလ ကျောင်းပိတ်ရက်ရှည်ကာလအလွန်တွင် ပြန်လည်ဖွင့်လှစ်နိုင်အောင် ဆွေးနွေးဆောင်ရွက်

❊ ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အခြေခံပညာအလယ်တန်းနှင့်အထက်တန်း အဆင့် ကျောင်းသား၊ ကျောင်းသူများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးသွားရန်လို

❊ ကာကွယ်ဆေးထိုးနှံပြီးစီးမှသာလျှင် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများ အပြန်အလှန် ယုံကြည်စိတ်ချစွာဖြင့် ပညာသင်ကြားနိုင်မည်

စာမျက်နှာ ၃ မှ

- ❖ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း ဒယ်လ်တာပိုး ကူးစက်ပြန့်ပွားမှုတွင် နိုင်ငံအချို့ရှိ ကလေးသူငယ်အချို့ကို ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ခဲ့ပြီး တရုတ်နိုင်ငံထုတ် Sinovac ကာကွယ်ဆေးကို ထိုးနှံထားခြင်းဖြင့် ကလေးသူငယ်များအား ဘေးထွက်ဆိုးကျိုးနည်းပါးစွာဖြင့် ကာကွယ်ဆေးထိုးနှံနိုင်ခြင်း၊ ရောဂါအား ပြင်းထန်စွာခံစားရမှုကို ထိထိရောက်ရောက်လျော့ကျနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရှိ
- ❖ ယခုအခါ အဆိုပါ Sinovac ကာကွယ်ဆေးကို ကလေးငယ်နှင့်လူငယ်များအား ထိုးနှံပေးလျက်ရှိရာ တရုတ်နိုင်ငံ၌ အသက်(၃)နှစ်မှ (၁၇)နှစ်ကြား ၆၃ သန်းအား လည်းကောင်း၊ ချီလီနိုင်ငံ၌ အသက်(၁၂)နှစ်မှ (၁၇)နှစ်ကြားရှိ တစ်သန်းတစ်သိန်းကျော်အား လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ အသက်(၆)နှစ်မှ (၁၇)နှစ်ကြား သုံးသိန်းငါးသောင်းကျော်အား လည်းကောင်း ထိုးနှံခဲ့ပြီးဖြစ်

အမျိုးသမီးရေးရာအဖွဲ့များ စသည်တို့မှလည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်ဆေး ထိုးနှံပေးရာတွင် မြို့နယ်များအလိုက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းပေးမည့်အဖွဲ့များအပြင် ကျောင်းဆရာ၊ ဆရာမများ ပူးပေါင်း၍ ဆောင်ရွက်ပါက သွက်လက်မြန်ဆန်စွာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရအဖွဲ့အသီးသီးကလည်း လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် ပူးပေါင်းချိတ်ဆက်၍ လျင်မြန်စွာ ထိုးနှံနိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်၊ လုံလုံခြုံခြုံ ပြီးမြောက်စေရေးနှင့် စနစ်တကျ စာရင်းဇယားပြုစုနိုင်ရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကာကွယ်ဆေးထိုးနှံရာတွင် ကူညီဆောင်ရွက်ပေးမည့် စီမံချက်ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တစ်နိုင်ငံလုံးရှိ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်မှုကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက Sinovac ကာကွယ်ဆေးထိုးနှံပေးမည့် စီမံချက်ကိုလည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ကဏ္ဍအလိုက်လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

**အသီးသီးရှင်းလင်းတင်ပြ**

ထို့နောက် တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တာဝန်ရှိသူများက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအတွင်းရှိ ကျောင်းအပ်နှံခဲ့သည့် အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူအင်အားနှင့် တက်ရောက်ခဲ့သည့် အင်အားများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

**အလေးထားဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ပညာရေးဝန်ကြီးဌာနရှိ စာရင်းဇယားအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းဇယားများ ကိုက်ညီဆောင်ရွက်၍ ကျောင်းမဖွင့်လှစ်မီကာလအတွင်း ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ ကျောင်းများပြန်လည်ဖွင့်လှစ်စဉ်တွင် ကျောင်းသား၊ ကျောင်းသူများအား ကူးစက်ပြန့်ပွားမှု ထိန်းချုပ် တားဆီးနိုင်မည်ဖြစ်၍ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်လည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန် လိုကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား စာရင်းရေးသွင်းရာတွင် အခက်အခဲနှင့် မှားယွင်းမှုမရှိစေရေး သက်ဆိုင်ရာဌာနများအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးရာတွင် လိုက်နာရမည့် အချက်များအား မိဘများပါ သိရှိစေရန်အတွက် ကြိုတင်လှုံ့ဆော်ခြင်း၊ ဆေးထိုးသည့် နေရာများတွင် အသိပေးချက်များ ဖော်ပြခြင်းတို့ကို လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

**အလေအလွင့်မရှိအောင်စီမံ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကျောင်းသား၊ ကျောင်းသူများ၏ ရှိရင်းအင်အား၊ ကျောင်းအပ်နှံသည့် အင်အားနှင့် ကျောင်းတက်ရောက်ခဲ့သည့် စာရင်းဇယားများကို ပညာရေးဝန်ကြီးဌာနနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေး၍ နောက်ဆုံးအချက်အလက်များကို စိစစ်၍ ပြုစုတင်ပြရန်လိုကြောင်း၊ စာရင်းဇယားများ ပြုစုရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းချုပ်သာမကဘဲ မြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ စသည့် ကျောင်းများအလိုက် စာရင်းများခွဲခြား၍ တင်ပြရန်လိုကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း လုံခြုံရေးနှင့်ပတ်သက်၍ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပေါင်းစပ်ပြီး စနစ်တကျဖွဲ့စည်းဆောင်ရွက်ရန် လိုကြောင်း၊ ကာကွယ်ဆေးထိုးစင်တာများကို မြို့နယ်များအလိုက် ခွဲခြား၍ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ အလွယ်တကူ လာရောက်နိုင်သည့် ဆုံချက်ဗဟိုနေရာများတွင် ရွေးချယ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကာကွယ်ဆေးထိုးနှံပေးမည့် စီမံချက်များအား ထိရောက်စွာပြုစု၍ ပြန်လည်တင်ပြသွားရန် လိုအပ်ကြောင်း၊ ယခုကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးမှုကို တိကျစွာ ပြုစု၍ မှတ်တမ်းရေးသွင်းထားရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆေးထိုးနှံပြီးစီးမှု၊ ကာကွယ်ဆေးကျန်ရှိမှု၊ ဆက်လက်ထိုးနှံမှု စသည်တို့ကို ကြည့်ရှုသုံးသပ်၍ ဆေးလက်ကျန် မရှိစေဘဲ အလေအလွင့်မရှိအောင် စီမံ၍ ကာကွယ်ဆေးထိုးနှံခြင်းကို ပြီးစီးအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဘေးထွက်ဆိုးကျိုးနည်းပါး**

ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း ဒယ်လ်တာပိုး ကူးစက်ပြန့်ပွားမှုတွင် နိုင်ငံအချို့ရှိ ကလေးသူငယ်အချို့ကို ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ခဲ့ပြီး တရုတ်နိုင်ငံထုတ် Sinovac ကာကွယ်ဆေးကို ထိုးနှံထားခြင်းဖြင့် ကလေးသူငယ်များအား ဘေးထွက်ဆိုးကျိုးနည်းပါးစွာဖြင့် ကာကွယ်ဆေးထိုးနှံနိုင်ခြင်း၊ ရောဂါအား ပြင်းထန်စွာ ခံစားရမှုကို ထိထိရောက်ရောက်လျော့ကျနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း၊ ယခုအခါ အဆိုပါ Sinovac ကာကွယ်ဆေးကို ကလေးငယ်နှင့်လူငယ်များအား ထိုးနှံပေးလျက်ရှိရာ တရုတ်နိုင်ငံ၌ အသက်(၃)နှစ်မှ (၁၇)နှစ်ကြား ၆၃ သန်းအား လည်းကောင်း၊ ချီလီနိုင်ငံ၌ အသက်(၁၂)နှစ်မှ (၁၇)နှစ်ကြားရှိ တစ်သန်းတစ်သိန်းကျော် အား လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ အသက်(၆)နှစ်မှ (၁၇)နှစ်ကြား သုံးသိန်းငါးသောင်းကျော်အား လည်းကောင်း ထိုးနှံခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်းနှင့် အဆင့်မြင့်ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် သဘောတူလက်မှတ်ရေးထိုး

တောင်ကြီး စက်တင်ဘာ ၃၀

**ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ကုန်တင်ယာဉ်ကြီးများရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် အေးသာယာမြို့ အဆင့်မြင့်ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနနှင့် J United Co.,Ltd ၊ Danu Min Thar Co.,Ltd တို့အကြား သဘောတူစာချုပ်ချုပ်ဆိုခြင်းကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း စီမံကိန်း အကောင်အထည်ဖော်ပြီးပါက ကုန်စည်စီးဆင်းရေး မြန်ဆန်သွက်လက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု အခက်အခဲများ ပြေလည်စေခြင်းတို့အပြင် အဆင့်မြင့် ဆေးရုံတစ်ခု ပေါ်ပေါက်လာမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအတွက် ကောင်းမွန်အဆင့်မြင့် သည့် ကျန်းမာရေးဝန်ဆောင်မှုများကို ၂၄ နာရီ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုမည့် လုပ်ငန်းစီမံကိန်းများ ဖြစ်သည့်အတွက် လုပ်ကိုင်ခွင့်ရရှိသည့်ကုမ္ပဏီအနေဖြင့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားသည်။ **(ယာပုံ)**



**သဘောတူစာချုပ်လက်မှတ်ရေးထိုး**

ဆက်လက်၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် အေးသာယာမြို့ အဆင့်မြင့်ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးသည်။

**တည်ဆောက်ရေးကာလသုံးနှစ်ဖြစ်**

အဆိုပါလုပ်ငန်းတွင် အေးသာယာမြို့ အမှတ်(၄) ရပ်ကွက် ကွင်းအမှတ်(၃၁)ရှိ နှစ်(၃၀)မြေငှားဂရန်ရရှိပြီးဖြစ်သော မြေဧရိယာ ၁ ဒသမ ၇၅၃ ဧကနှင့် ရင်းနှီးမြှုပ်နှံမှုငွေကျပ် ၂၀၅၃ သန်း၊ တည်ဆောက်ရေးကာလမှာ လေးနှစ်ဖြစ်ကြောင်းနှင့် ရွှေညောင်မြို့ ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်းတည်ဆောက်ခြင်းလုပ်ငန်း၌ ရွှေညောင်မြို့ မင်္ဂလာရပ်ကွက်၊ ကွင်း(၈၁၆) အကွက်အမှတ်(က) အမည် (နန်းကွတ်ကျောင်းသစ်ရပ်) မြေဧရိယာ ၅ ဒသမ ၉၄၄ ဧက၊ ရင်းနှီးမြှုပ်နှံမှုငွေကျပ်သန်း ၃၃၂၀၊ တည်ဆောက်ရေးကာလသုံးနှစ်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ခွင့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုမှာ တံတားအမှတ်(၁) အရှည် ၁၀ ပေ၊ အကျယ် ၂၆ ပေ၊ အမြင့် ခုနစ်ပေ၊ တံတားအမှတ် (၂) အရှည် (၁၀)ပေ၊ အကျယ် ၂၆ပေ၊ အမြင့်ခုနစ်ပေတို့ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး (၁၁) ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ်သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၃၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရားရုံးချုပ်မှ ကြီးမှူး၍ (၁၁) ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာ ဥပဒေဖိုရမ် (The 11th International Legal Forum of the Asia-Pacific Region) ကို ယနေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**




**အမှာစကားပြောကြား**

ဦးစွာ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် တက်ရောက်လာကြသည့် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ အမှာစကား ပြောကြားခဲ့သည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက 'အာရှနှင့် ပစိဖိတ်ဒေသတွင်း စီးပွားရေးအငြင်းပွားမှုများ ဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Economic Dispute Resolution Procedures in Asia – Pacific)' ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် တရားစီရင်ရေးကဏ္ဍသည် စီးပွားရေးဆောင်ရွက်ချက်များအပေါ် များစွာ အကျိုးသက်ရောက်မှုရှိပါကြောင်း၊ မြန်မာနိုင်ငံ တရားစီရင်ရေးကဏ္ဍအနေဖြင့် တိုးတက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်မှုအခြေအနေများနှင့် လိုက်လျောညီထွေစွာ အငြင်းပွားမှုများကို တရားစီရင်ရေးအရ ဖြေရှင်းခြင်းနှင့် တရားစီရင်ရေးမဟုတ်သည့် အခြားနည်းလမ်းများဖြင့် ဖြေရှင်းခြင်း (Alternative Dispute Resolution) တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ ပြည်တွင်းပြည်ပ ကုမ္ပဏီများအနေဖြင့် ယင်းတို့အကြား အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ဖြေရှင်းနိုင်ပြီး ပြည်တွင်းပြည်ပ အနုညာတဆုံးဖြတ်ချက်များကို စီရင်ပိုင်ခွင့်ရှိသော တရားရုံးများတွင် အတည်ပြုနိုင်ပြီဖြစ်ပါကြောင်း၊ ဒေသတွင်းတရားစီရင်ရေးအဖွဲ့အစည်းများနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနှင့် စင်ကာပူနိုင်ငံ တရားရေးကဏ္ဍများအကြား ငွေကြေးဆိုင်ရာစီရင်ချက်များနှင့် ပတ်သက်၍ လမ်းညွှန်မှုစာချွန်လွှာ (MoG) ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

**ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်**

ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မှုခင်းကိစ္စရပ်များနှင့်ပတ်သက်၍လည်း အထူးတရားရုံးများကို ဆောင်ရွက်ရန် လေ့လာလျက်ရှိပြီး ယင်းမှုခင်းများနှင့် ပတ်သက်၍ နိုင်ငံတကာကျင့်သုံးမှုများကို တရားသူကြီးများအနေဖြင့် လေ့လာနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကို ဥပဒေရှုထောင့်မှ လေ့လာခြင်းစာအုပ် (Case Study Book on International Transaction) ကို ထုတ်ဝေထားပါကြောင်း၊ လက်ရှိတွင် ကူးသန်းရောင်းဝယ်ဆိုင်ရာ မှုခင်းများကို တရားရုံးများတွင် စီရင်ပိုင်ခွင့်အလိုက် စစ်ဆေးစီရင်လျက်ရှိပြီး အမှုစီရင်ဆုံးဖြတ်ချက်များကို တရားရုံးအသုံးပြုသူများနှင့် အများပြည်သူ လေ့လာနိုင်ရန် စီစဉ်ထားပါကြောင်း၊ အမှုသည်များအကြား အချင်းချင်း သဘောတူညီချက်ဖြင့် အငြင်းပွားမှုများကို အချိန်ကုန် ငွေကုန်သက်သာစွာ ဖြေရှင်းနိုင်ရေးအတွက် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်(Court-Led Mediation) ကို ၂၀၁၉ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သည့် ရလဒ်ကောင်းများရရှိခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတစ်ဝန်းရှိ တရားရုံးများ၌ ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့် ဒေသတွင်းတရားစီရင်ရေးအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နားလည်မှုစာချွန်လွှာများ ရေးထိုးခြင်း၊ ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများတွင် ပါဝင်တက်ရောက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# "အဉ္ဇလီအငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် စက်တင်ဘာ ၃၀**




အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တင်ဆက်လျက်ရှိရာ "အဉ္ဇလီအငြိမ့်" ဖျော်ဖြေပွဲကို အောက်တိုဘာ ၂ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို စောမင်းနောင်ကစီစဉ်ပြီး စတားဗိုလ်လှိုင်း (မြန်မာ့အသံ ဆိုင်းဝိုင်းကြီး)၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး မီမီခိုင်၊ ရှေ့ထွက်မင်းသမီး ယဉ်ယဉ်ဝေ၊ လူရွှင်တော်များဖြစ်ကြသည့် စောမင်းနောင်၊ ဇော်မင်းထွန်း ၊ လင်းဇော်နိုင်၊ ဇင်ဝိုင်း၊ ကျော်မင်းစိုးနှင့် ကျော်သူရတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို အောက်တိုဘာ ၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထမ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ လူနာများနှင့် စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ

**နေပြည်တော် စက်တင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေ အသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၄၈ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၅၅ ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

## နေရာစိပ်စိပ်နှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့

**နေပြည်တော် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တီးတိန်မြို့တွင် ၃ ဒသမ ၁၁ လက်မ၊ တွန်းဇံမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ညောင်ရွှေမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၉၅ လက်မ၊ လှိုင်လင်မြို့တွင် ၀ ဒသမ ၉၁ လက်မ၊ နေပြည်တော်( ဥတ္တရသီရိမြို့နယ်)တွင် ၀ ဒသမ ၈၃ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုငြိမ်းချမ်းသာယာရေးတွင် ပူးပေါင်းပါဝင်ကြမည်

မောင်သောမန

**မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည်မှာ ၇၃ နှစ်ကျော်ပြီ။ ကာလအားဖြင့် လူ့သက်တမ်းတစ်ခုခန့်ရှိပြီ။ လွတ်လပ်ရေးရပြီး မွေးဖွားလာသော တိုင်းရင်းသား ပြည်သူအချို့မှာ လွတ်လပ်သော တိုင်းပြည်တွင် နေထိုင်ခဲ့ကြသော်လည်း လွတ်လပ်ရေး၏ အသီးအပွင့်၊ လွတ်လပ်ရေး၏ ခံစားခွင့်တို့ကို တင်းပြည့်ကျပ်ပြည့် မရခဲ့ကြပါဟု ဆိုရမည်။ အဘယ်ကြောင့် မရခဲ့ကြပါသနည်း။ လက်နက်ကိုင်ပဋိပက္ခများကြား မငြိမ်းချမ်းသောဘဝများတွင် နစ်မွန်းနေကြရသောကြောင့် ဖြစ်သည်။**

သို့ပါ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် အထူးလိုအပ်နေသည်မှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများသည် လွတ်လပ်ရေးနှင့် အတူ ပေါ်ပေါက်လာသည်။ သဘောထားအမြင်၊ ယုံကြည်ချက်၊ ခံယူချက် မတူကွဲပြားမှုများကြောင့် ပဋိပက္ခများမှာ ယနေ့ထက်တိုင် အဆုံးမသတ်နိုင်သေးပေ။ နှစ်ပေါင်း ၇၀ ကျော်ကြာ မငြိမ်းချမ်းသော ဘဝများမှာ ကြေကွဲစရာ၊ စိတ်မကောင်းစရာများပင် ဖြစ်သည်။ ရလဒ်မှာ မငြိမ်းချမ်းသော အရပ်ဒေသများမှ တိုင်းရင်းသားပြည်သူများ ဒုက္ခသုက္ခများနှင့် နိမ့်ကျသောဘဝများတွင် ရှင်သန်နေကြရသည်။ ယင်းတို့ကို အားလုံးက နားလည်ကြပါသည်။ ကာယကံရှင်များက ပို၍ပင်သိကြပါသည်။ ပို၍ပင် ခံစားကြရပါသည်။ ငြိမ်းချမ်းရေးကို လိုလားကြပါသည်။ သို့သော် ငြိမ်းချမ်းရေးနှင့် အလှမ်းမနီးသေးပါ။

> ❒ **မြန်မာနိုင်ငံတွင် လက်နက်ကိုင်လှုပ်ရှားနေကြသော EAO အဖွဲ့များနှင့် NUG အကြမ်းဖက်အဖွဲ့မှာ ရည်ရွယ်ချက်မတူ ကွဲပြားခြားနားသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ လူမျိုးရေး၊ ဝါဒရေး၊ ဒေသအရေးအတွက် လက်နက်ကိုင် ရပ်တည်နေခြင်းဖြစ်သည်။ အပေးအယူမျှတမှုဖြင့် ငြိမ်းချမ်းရေးကို လိုလားလျက်ရှိသည်။ NUG အကြမ်းဖက်အဖွဲ့မှာ တိုင်းပြည်အာဏာကို ၎င်းတို့ရရှိရေးအတွက် မအောင်မြင်သောသမိုင်းကို ဆက်လက်ရေးထိုးနေကြသူများဖြစ်သည်**

## သူ့စည်းကိုယ့်စည်း

ဤပြည်ထောင်စုကြီးတွင် ရှေးနှစ်ပေါင်း ထောင်ချီကတည်းက တိုင်းရင်းသားလူမျိုးများ အားလုံး အတူတကွလက်တွဲနေထိုင်ခဲ့ကြသည်။ တစ်မိုးအောက်၌ တစ်အိမ်တည်းအတူနေ မိသားစု အချင်းချင်းဖြစ်ကြသည်။ သဘောထားမတူကွဲပြားမှု များကြောင့် ညီအစ်ကိုမောင်နှမအချင်းချင်း စိတ်ဝမ်း ကွဲသလိုဖြစ်ခဲ့ကြသည်။ ဤပြည်ထောင်စုအိမ်ကြီးမှ ခွဲခွာလျှင် "အမိမဲ့သား ရေနည်းငါး" ကဲ့သို့ ဖြစ်ကြ မည်ကိုလည်း နားလည်ကြသည်။ သဘောထား မတိုက်ဆိုင်သော်လည်း အကြောင်းရှိသော် သွေးက မနေသည်ကိုလည်း သိနေကြသည်။ ပေါင်းစပ်ညှိ သော် ခွင့်လွှတ်သည်းခံနိုင်သည်ကိုလည်း နားလည် ကြသည်။ ရေမြေသဘာဝ၊ လူမျိုးကွဲပြားမှုနှင့် ယုံကြည်ချက်၊ ခံယူချက်မတူညီမှုတို့ကြောင့်သာ နီးလျက်နှင့်ဝေးနေကြသည်။ ထို့ကြောင့် ငြိမ်းချမ်း ရေးကို မရမနေ ကြိုးပမ်းနေရသည်။ ငြိမ်းချမ်းရေးကို စိတ်ရှည်သည်းခံ စောင့်မျှော်နေကြသည်။ နားလည် လက်ခံ ရပ်တည်နေနိုင်ကြသည်။ သူ့စည်းကိုယ့်စည်း အကန့်အသတ်နှင့် နေနေကြသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ နှင့် ငြိမ်းချမ်းရေးရရှိရေးကို အစိုးရအဆက်ဆက် တို့က ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ပဏာမခြေလှမ်း အဖြစ် NCA တွင် လက်မှတ်ရေးထိုးကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း ရှိသည်။ လက်မှတ်မထိုးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များလည်း ရှိသည်။ ငြိမ်းချမ်းရေးကို လိုလား သော်လည်း ရံဖန်ရံခါ ထိတွေ့မှုအချို့ရှိသည်။ တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ အားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ ငြိမ်းချမ်းရေးကို အလေးထား ဦးစားပေးသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်းဖြစ်၍ စိတ်ဝမ်းမကွဲ လိုပေ။ ခိုက်ရန်ဖြစ်ပွားခြင်းကို အထူးရှောင်ရှား လိုသည်။ ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းအဖြစ် အပြည့်အဝခံယူ ထားသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ချောမွေ့ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စစ်ရေးလှုပ်ရှားမှု များကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ယနေ့ ထိတိုင် ရပ်ဆိုင်းပေးထားသည်။ စစ်ပွဲ၏ အနိဋ္ဌာရုံ များ၊ ဆိုးကျိုးများ၊ စစ်ပွဲမရှိ၍ နေထိုင်ရသော ဘဝ အခြေအနေများကို အားလုံးက နားလည်ကြသည်။

## သမိုင်းကို နားမလည်သူ

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ များသောအားဖြင့် ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသ တွင်သာ ရပ်တည်နေကြသည်ကို တွေ့ရမည်ဖြစ် သည်။ အပစ်အခတ်ရပ်ဆိုင်းထားသည့် အကျိုး တရားကို နားလည်ကြသည်။ ရံဖန်ရံခါတွင် ဖောက်ဖျက် ထိတွေ့မှုများရှိခဲ့သည်။ မည်သို့ပင် ဖြစ်စေ လက်နက်ကိုင် ပဋိပက္ခများသည် ကာလ ရှည်ကြာလာပြီဖြစ်ရာ စစ်ရေးအတွေ့အကြုံ၊ နိုင်ငံရေးအတွေ့အကြုံ၊ ဒုက္ခဆင်းရဲ အတွေ့အကြုံ များ ရရှိနေကြပြီ။ ငြိမ်းချမ်းခြင်း၏ အကျိုး၊ မငြိမ်း ချမ်းခြင်း၏ ရလဒ်တို့ကို သိနေကြသည်။ တပ်မတော် နှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လည်း ငြိမ်းချမ်းရေးကို လိုလားကြမည်မှာ မလွဲပေ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခံယူချက် မှာ ၎င်းတို့ တိုင်းရင်းသား အခွင့်အရေးအတွက် ဖြစ်သည်။ တိုင်းပြည်အာဏာရယူရေးအတွက် မဟုတ် ပေ။ ယခုအခါ တိုင်းပြည်အာဏာရရှိရေးအတွက် လက်နက်ကိုင်လိုသည့် လူတန်းစားများ ပေါ်ပေါက် လာသည်။ လက်နက်ကိုင်သံသရာအတွင်း၌ နစ်မွန်း နေသော တိုင်းပြည်တွင် လက်နက်ကိုင်နည်းလမ်းကို ရွေးချယ်ခြင်းသည် နိုင်ငံ၏သမိုင်းကို နားမလည် ကြသည့် မိုက်မဲသူများဟု ဆိုရမည်ဖြစ်သည်။

တည်ဆဲဥပဒေများကို လိုက်နာခြင်းမရှိဘဲ နိုင်ငံ တော်အစိုးရကို နိုင်ငံပြင်ပမှ ဆန့်ကျင်တော်လှန်ရန် ကြိုးစားခြင်းသည် မျက်ကန်းတစ္ဆေခြောက်နေခြင်း သာဖြစ်သည်။ ၎င်းတို့၏ မရိုးသားမှုကြောင့် အာဏာ လက်လွှတ်လိုက်ရသည်ကို မကျေမချမ်းဖြစ်ပြီး လက်နက်ကိုင်နည်းလမ်းဖြင့် အာဏာရရှိရေးကို ကြံစည်ကြသူများမှာ CRPH နှင့် NUG တို့ဖြစ် သည်။ ၎င်းတို့က သွေးထိုးမြှောက်ပင့်သွေးထိုးပေး နေသော အကြမ်းဖက် အဖျက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ အကြမ်း ဖက်အဖွဲ့ NUG သည် စက်တင်ဘာလ ၇ ရက်နေ့က ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေရန် အရေးပေါ် အခြေအနေဟု ကြေညာခဲ့သည်။ ငြိမ်းတော့မည့်မီး ထတောက်သကဲ့သို့ဖြစ်သည်။ မထူးဇာတ်လမ်းခင်း သည့် သဘောဖြစ်သည်။ ကုလသမဂ္ဂအထွေထွေ ညီလာခံအတွက် ပရိုမိုးရှင်းလုပ်ခြင်းသာဖြစ်သည်။ ၎င်းတို့၏လက်အောက်ခံ PDF ဟုဆိုသူ လူမိုက် များက ကျောက်ကွဲခတ်သလို အပြစ်မဲ့ ပြည်သူများ အား သတ်ဖြတ်ကြသည်။ အများပြည်သူဆိုင်ရာ အဆောက်အအုံများကို အလစ်အငိုက် တိုက်ခိုက် ဖျက်ဆီးမှုများ ပြုလုပ်ကြသည်။ နိုင်ငံတော်အစိုးရက အကြမ်းဖက်အဖျက်သမားများကို ဥပဒေကြောင်း အရ ထိထိရောက်ရောက် အရေးယူလျက်ရှိသည်။

## အကြမ်းဖက်ကိုလက်မခံ

အစောပိုင်းကာလများတွင် NLD အစွန်းရောက် များက ပြည်တွင်းမှ အသိမဲ့ အစွန်းရောက်လူငယ် အချို့အား တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့် ချိတ်ဆက်ပေး၍ (EAO) တို့၏ နေရာအချို့တွင် စစ်ရေးဆိုင်ရာ၊ အဖျက်လုပ်ရပ်ဆိုင်ရာသင်တန်းများ တက်ရောက်စေခဲ့သည်။ သင်တန်းတက်ပြီး မြို့ပေါ် သို့ပြန်လာကာ လူသတ်အဖျက်လုပ်ရပ်များ လုပ်ကိုင် ခဲ့ကြသည်။ NUG အကြမ်းဖက်အဖွဲ့သည် စက်တင် ဘာလ ၇ ရက်နေ့တွင် အရေးပေါ်အခြေအနေဟု ကြေညာကာ ပြည်တွင်း၌ လက်နက်ကိုင်အကြမ်း ဖက်တိုက်ခိုက်မှုများပြုလုပ်ရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား ၎င်းတို့နှင့်လက်တွဲ ပါရန် စည်းရုံးခဲ့ကြသည်။

အဆိုပါလုပ်ရပ်သည် နိုင်ငံတော်အစိုးရကို အတိ အလင်း ထိပါးစော်ကားလာခြင်းဖြစ်သည်။ ထိုသို့ ပြုလုပ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ (EAO) များအား ၎င်းတို့၏နယ်မြေအတွင်း၌ NUG အကြမ်းဖက်အဖွဲ့များကို လက်ခံထားခြင်း ရှိ/မရှိ နိုင်ငံတော်အစိုးရက တရားဝင်မေးမြန်းခဲ့ သည်။ EAO အဖွဲ့အများစုက ၎င်းတို့နှင့် သက်ဆိုင် သည့်နယ်မြေများတွင် NUG အကြမ်းဖက်သမား များမရှိကြောင်း တရားဝင်ပြန်ကြားခဲ့သည်။ ထို့အပြင် EAO အဖွဲ့အများစုသည် NUG အကြမ်းဖက်အဖွဲ့နှင့် လက်တွဲခြင်းမရှိဘဲ အကြမ်းဖက်သမား PDF များ တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြား အောင် ပြုလုပ်နေသည့် အကြမ်းဖက်လုပ်ရပ်များကို မထောက်ခံကြောင်း အသီးသီးထုတ်ဖော်ပြောကြား ကြသည်။

ယခုအခါ အကြမ်းဖက်အဖျက်သမားများသည် နိုင်ငံအတွင်းရှိ မြို့ရွာတောတောင်များ၌ ပုန်းခို၍ အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်ဖျက်ဆီး လျက်ရှိသည်။ အုပ်ချုပ်ရေး၊ လုံခြုံရေးတပ်ဖွဲ့များနှင့် အလှမ်းဝေးသည့် ကျေးလက်များတွင် အဖျက် လုပ်ရပ်များ၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်မှု များ၊ လုံခြုံရေးတပ်ဖွဲ့များကို ချောင်းမြောင်းတိုက် ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ ရွာခံများမှာ ဓားစာခံများသဖွယ်ဖြစ်ကြရသည်။ PDF များနှင့် အတူ မြို့ရွာများကို စွန့်ခွာလိုက်ပါ ရှောင်ပြေးကြ ရသည်။ လုံခြုံရေးတပ်ဖွဲ့များက နယ်မြေတည်ငြိမ် အေးချမ်းရေးကို ရှင်းလင်းဆောင်ရွက်သောအခါ အပြစ်မဲ့ပြည်သူများအား အနိုင်ကျင့်ဖိနှိပ်ရက်စက် နေသည်ဟု အနောက်နိုင်ငံများနှင့် ကုလသမဂ္ဂ ကြားသိရအောင် ပြည်ဖျက်မီဒီယာများက သတင်း လွှင့်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကြမ်းဖက်မှုများ အပြီးတိုင်ချုပ်ငြိမ်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည်။ ရပ်ရွာပြည်သူလူထု နေထိုင်ရာဒေသများ ငြိမ်းချမ်း သာယာဝပြောရေးလုပ်ငန်းများကို အလေးထား လုပ်ဆောင်လျက်ရှိသည်။ NUG အကြမ်းဖက်အဖွဲ့မှာ ပြည်ပနိုင်ငံအချို့နှင့် လွတ်မြောက်ရာဒေသမှ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်လျက်ရှိသည်။ PDF အကြမ်းဖက် တို့က အဖျက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိ သော်လည်း တဖြည်းဖြည်း ချုပ်ငြိမ်းလျက်ရှိသည်။ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို အားလုံး က သိရှိလာကြသည်။ နိုင်ငံအများစုနှင့် အဖွဲ့အစည်း များ၏ အသိအမှတ်ပြုမှုများ လျော့ကျလာသည်။

## ကမ်းကုန်အောင်ပြုလုပ်

မြန်မာနိုင်ငံတွင် လက်နက်ကိုင်လှုပ်ရှားနေကြ သော EAO အဖွဲ့များနှင့် NUG အကြမ်းဖက်အဖွဲ့မှာ ရည်ရွယ်ချက်မတူ ကွဲပြားခြားနားသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ လူမျိုးရေး၊ ဝါဒရေး၊ ဒေသအရေးအတွက် လက်နက် ကိုင် ရပ်တည်နေခြင်းဖြစ်သည်။ အပေးအယူမျှတ မှုဖြင့် ငြိမ်းချမ်းရေးကို လိုလားလျက်ရှိသည်။ NUG အကြမ်းဖက်အဖွဲ့မှာ တိုင်းပြည်အာဏာကို ၎င်းတို့ ရရှိရေးအတွက် မအောင်မြင်သောသမိုင်းကို ဆက်လက်ရေးထိုးနေကြသူများဖြစ်သည်။ ပြန်လမ်း မရှိသောလမ်းကို လျှောက်မိသောအခါ တိုင်းပြည် အလုံးစုံပျက်စီးရေးကို ပြည်တွင်းရှိ အကြမ်းဖက် အဖျက်သမားများအား မြှောက်ပင့်ပေးပြီး လူသတ် အဖျက်လုပ်ရပ်များကို ကြံစည်အားထုတ်လုပ်ကိုင် နေကြသူများဖြစ်သည်။ နိုင်ငံနှင့် ပြည်သူအကျိုး စီးပွားအတွက် ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ငြိမ်းချမ်းမှုအဖြေရှာဖွေ ရေးကို ဆောင်ရွက်သူများမဟုတ်ပေ။ တစ်ပါတီ အာဏာပြန်လည်ရရှိရေးအတွက် တိုင်းပြည်နှင့် လူထုအကျိုးစီးပွားပျက်ပြားရေးကို ကမ်းကုန်အောင် ပြုလုပ်နေကြသော အစွန်းရောက် အဖျက်သမားများ သာ ဖြစ်သည်။

NUG အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏လက်ဝေခံ အကြမ်းဖက်အဖျက်သမားများ၏ တည်ငြိမ်အေးချမ်း ရေး ပျက်ပြားအောင်၊ အများပြည်သူ ဒုက္ခဆင်းရဲ ရောက်အောင် လုပ်ဆောင်နေမှုများကို ပြည်တွင်းမှ တိုင်းရင်းသားပြည်သူများသာမက နိုင်ငံတကာကပါ သိရှိလာကြပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက် ပေးနေမှုများကို သိရှိနားလည်လာကြပြီ ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာ ဝပြောရေးအတွက် နိုင်ငံတော်နှင့်အတူ တိုင်းရင်း သားပြည်သူများ ပူးပေါင်းလက်တွဲ ဆောင်ရွက် နိုင်ကြတော့မည်ဟု အကြွင်းမဲ့ ယုံကြည်ထား ပါကြောင်း။ ။

# (၁၅) ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ (15th AMMTC) ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၃၀**

အာဆီယံ၏ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (APSC)မဏ္ဍိုင်မှ (၁၅)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေး(15th AMMTC) ၏ ဆက်စပ်အစည်းအဝေးများကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံက အိမ်ရှင်အဖြစ်ဦးဆောင်၍ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆက်လက်ကျင်းပသည်။






အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ AMMTC ခေါင်းဆောင်/ ဝန်ကြီးအဆင့်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်နှင့်ရုံးအဖွဲ့များ တက်ရောက်သည်။ မြန်မာနိုင်ငံမှ AMMTC ခေါင်းဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများက နေပြည်တော်ရှိ အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်သည်။

### စွမ်းရည်မြှင့်တင်ရေး

အစည်းအဝေးများတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် အစွန်းရောက်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများတိုက်ဖျက်ရေး၊ ဆွေးနွေးဖက်နိုင်ငံများမှ စွမ်းရည်မြှင့်တင်ရေးကဏ္ဍတွင် ငွေကြေး၊ နည်းပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ထောက်ပံ့အကူအညီပေးရေးအစီအစဉ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးတွင် ဖြစ်နိုင်ခြေရှိသော လုပ်ငန်းနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### အပြန်အလှန်အကူအညီပေးရေး

8th AMMTC + China ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန အမြဲတမ်းဒုတိယဝန်ကြီး မစ္စတာ တုဟန်းဝေ တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ဒေသတွင်း သမားရိုးကျမဟုတ်သည့် လုံခြုံရေးကိစ္စရပ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံရှိ တရားဥပဒေစိုးမိုးရေး အာဏာပိုင်အဖွဲ့အစည်းများအကြား ထိရောက်လျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် Focal Point တစ်ခု ထူထောင်ရေးနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်ရေး၊ ငွေကြေးခဝါချမှုနှင့် တရားမဝင် ငွေကြေးစီးဆင်းမှုများ တိုက်ဖျက်ရေး၊ တရားမဝင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှုသည် အာဆီယံဒေသအပေါ် ထိခိုက်မှုရှိသည့်အတွက် နယ်စပ်ဒေသစီမံခန့်ခွဲရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်ကူးမှုနှင့် ဆိုက်ဘာမှုခင်းများသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် များစွာ ထိခိုက်မှုများဖြစ်ပေါ်နေ၍ တားဆီးနှိမ်နင်းရေးတွင် လုပ်ငန်းစွမ်းရည်မြင့်မားစေရေး၊ တရားစီရင်ရေးဆိုင်ရာကဏ္ဍတွင် အပြန်အလှန်အကူအညီပေးရေး၊ မှုခင်းသတင်းအချက်အလက် ဖလှယ်ရေးတို့တွင် နိုင်ငံအချင်းချင်းပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်သွားမည်

11th AMMTC + 3 (တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ)အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံတော်လုံခြုံရေးဗဟိုကော်မတီ ဥက္ကဋ္ဌ Dato Paduka Seri Haji Awang Halbi bin Haji Mohd Yussof က သဘာပတိအဖြစ် ဆောင်ရွက်သည်။ ယင်းအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ယခုအခါတွင် Telecom Fraud နှင့် Online Gambling တို့သည် နိုင်ငံတစ်နိုင်ငံထက်ပို၍ ဖြန့်ကြက်လာနေသည်ကို သတိပြုတွေ့ရှိရပါကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်း သဘောသဘာဝရှိလာသော Telecom Fraud, Online Gambling တို့နှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် + ၃ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံခြားသား အကြမ်းဖက်တိုက်ခိုက်ရေးသမားများအပါအဝင် အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာမှုကို ကြိုတင်သိရှိ ဟန့်တားနိုင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၂၃၉၆) ပါ တိုက်တွန်းပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါသဖြင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများအနေဖြင့် ကူညီပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း လူပုဂ္ဂိုလ်ကိုယ်တိုင် တက်ရောက်သည့်စနစ်ဖြင့် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 12th AJCTD ၌ ဆွေးနွေးမှုများပြုလုပ်နိုင်လိမ့်မည်ဟု မျှော်မှန်းထားပါကြောင်း၊ အာဆီယံ + ၃ လုပ်ငန်းနယ်ပယ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးစီမံချက်များအောင်မြင်အောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

### ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေး

15th AMMTC နှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ညှိနှိုင်းအစည်းအဝေးများတွင် 8th AMMTC + China, 6th AMMTC + Japan, 2nd AMMTC + Korea နှင့် 11th AMMTC + 3 (China, Japan, Korea) တို့၏ ဝန်ကြီးအဆင့် အစည်းအဝေးပူးတွဲကြေညာချက်များကို အတည်ပြုခြင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးနယ်ပယ်တွင် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့၏ အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်သည်။

ထို့နောက် အိမ်ရှင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ AMMTC ခေါင်းဆောင်၊ ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံတော်လုံခြုံရေးဗဟိုကော်မတီဥက္ကဋ္ဌ Dato Paduka Seri Haji Awang Halbi bin Haji Mohd Yussof နှင့် ၂၀၂၂ ခုနှစ်တွင် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံ AMMTC ခေါင်းဆောင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ဆမ်ဒက်ကရိုလာဟွန်ဆာကျန်တို့က အမှာစကားများပြောကြား၍ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## ထန်းတပင်မြို့နယ်၌ ဒေသခံတောင်သူများအား မြေယာလျော်ကြေးငွေများ ပေးအပ်

**ထန်းတပင် စက်တင်ဘာ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ပန်းတိုင်- ဒေါင့်ကြီးတာ (ဒေါင့်ကြီးပန်းတာသစ်) လုပ်ငန်းဆောင်ရွက်ခြင်းနှင့် လမုတန်းကြီး- ကျွဲကူး-မြို့ချောင်းတံတား မြို့ရောင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်ပါဝင်သွားသော လယ်ယာမြေများအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဒေသခံတောင်သူများအား မြေယာလျော်ကြေးငွေများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇေယျာလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပန်းတိုင်- ဒေါင့်ကြီးတာ (ဒေါင့်ကြီးပန်းတာသစ်) လုပ်ငန်းဆောင်ရွက်ရာတွင် ပါဝင်သွားသော လယ်ယာမြေကေ ၈ ဒသမ ၀၃ အတွက် ဒေသခံတောင်သူလေးဦးတို့အား မြေယာလျော်ကြေး ငွေကျပ် ၂၀၀၇၅၀၀၀ နှင့် လမုတန်းကြီး-ကျွဲကူး-မြို့ချောင်း တံတား မြို့ရောင်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေကေ ၃၆ ဒသမ ၈၁၁ အတွက် ဒေသခံတောင်သူ ၂၈ ဦးတို့အား မြေယာလျော်ကြေး ငွေကျပ် ၇၃၆၂၀၀၀ တို့ကို ဒေသခံတောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

---

## ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း ၁၇ ခုမှ အိမ်ထောင်စု ၂၀၀၀ ကျော်အတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့

**မြစ်ကြီးနား စက်တင်ဘာ ၃၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း ၁၇ ခု မှ အိမ်ထောင်စု ၂၁၂၅ စု၊ လူဦးရေ ၁၁၄၃၈ ဦးတို့အတွက် အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က ဝိုင်းမော်မြို့နယ် မိုင်းနား RC နေရပ်စွန့်ခွာစခန်းသို့ သွားရောက်ထောက်ပံ့သည်။



ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း နေရပ်စွန့်ခွာပြည်သူများအနေဖြင့် ခက်ခဲမှုပိုမိုကြုံတွေ့နိုင်သည်ကို မိမိတို့အနေဖြင့် နားလည်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နေထိုင်စားသောက်မှုများ အဆင်ပြေစေရေး ထောက်ပံ့မှုများကို တတ်နိုင်သလောက် ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဝိုင်းမော်မြို့နယ်အတွင်းရှိ မြို့မနှစ်ခြင်း၊ လော်ဝေါ်နှစ်ခြင်း၊ မိုင်းနားမူရင်းနှစ်ခြင်း၊ လော်ဝေါ်အေဂျီ၊ သာဂရလီဆူ၊ မဒိန်၊ ခတ်ချို၊ နောင်ဟီး၊ မိုင်းနားကက်သလစ်၊ မိုင်းနားအေဂျီ၊ မိုင်းနားလဝမ်၊ မိုင်းနားဖွံ့ဖြိုးရေးခြံ၊ စင်ကြိုင်၊ အမှတ်(၁) လော်ဝေါ်နှစ်ခြင်းဇုန်နယ်၊ စန်းကား၊ ဆဒုံး၊ မုတ်လွဲ(ခါးရှိ)စသည့် စခန်းပေါင်း ၁၇ ခုမှ အိမ်ထောင်စုပေါင်း ၂၁၂၅ စု၊ လူဦးရေ ၁၁၄၃၈ ဦးတို့အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၆၈၇၅၀ တန်ဖိုးရှိ ဆန် ၃၅၇၄ အိတ် ကိုးပြည်နှင့် ဆီ ပိဿာ ၄၂၅၀၊ ဆား ၂၁၂၅ ပိဿာ၊ ကုလားပဲ ပိဿာ ၄၂၅၀ ကို ထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာ စခန်းတာဝန်ခံများက လက်ခံယူကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြည်နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာများအား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၃၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် သတင်းစာရှင်းလင်းပွဲ အမှတ်စဉ် (၉/၂၀၂၁) သို့ တက်ရောက်လာကြသည့် ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာများအား ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။** (ယာပုံ)



**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ Myanmar National Post ၊ Tomorrow ၊ Silent Talk ၊ လူထုရင်ဖွင့်သံ၊ Power ၊ VOA ၊ Fuji Television ၊ Asahi Shimbun ၊ AFP၊ Myanmar Public Press၊ မြန်မာသံတော်ဆင့်၊ တဲ့ပြောသတင်းမီဒီယာ၊ MNP ၊ Sky Net ၊ Myanmar Hard Talk၊ သူရိယနေဝန်း၊ စံတော်ချိန်၊ New History For People ၊ Voice of Myanmar၊ 97 Media ၊ Eleven Media ၊ One News Agency ၊ Myanmar Nation ၊ Golden Hand ၊ Who News ၊ Up to Date၊ ပြည်ထောင်စုနေ့စဉ်၊ Xinhua တို့မှ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

**လိုက်နာဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်၏ လက်ရှိအခြေအနေ၊ ပကတိအနေအထား၊ မီဒီယာများ၏ အခန်းကဏ္ဍ၊ နိုင်ငံတော်နှင့် ပြည်သူအတွက် သတင်းမှန်ပြန်ကြားရေး လုပ်ဆောင်ပေးနိုင်မည့် အခြေအနေ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သတင်းမီဒီယာများအား စတုတ္ထမဏ္ဍိုင်အဖြစ် အလေးအနက်ထားမှု၊ နိုင်ငံပိုင်မီဒီယာ၊ ပုဂ္ဂလိကမီဒီယာများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် လုပ်ကိုင် ဆောင်ရွက်ပေးနိုင်မှု၊ ပြည်သူအားလုံး လိုလားသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ သတင်းမီဒီယာ ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များ၊ သတင်း မီဒီယာသမားများအနေဖြင့်လည်း စောင့်ထိန်းရမည့် မီဒီယာကျင့်ဝတ်အတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ နိုင်ငံပိုင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာများ အကြား အပြန်အလှန် နားလည်ယုံကြည်မှု၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ရှေးရှုဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ဆောင်နိုင်မည့် ကိစ္စရပ်များ၊ သတင်းမီဒီယာ ကိစ္စဆောင်ရွက်ရာတွင် အခက်အခဲနှင့် ကန့်သတ်ချက်များကို ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်မှု၊ သတင်းမီဒီယာသမားများ ကိုဗစ်ကာကွယ်ဆေး ထိုးနှံရာတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှု၊ သတင်းမီဒီယာသမားများအတွက် အချိန်မီ သတင်း ပြန်ကြားပေးနိုင်ရေး Viber Group ဖွဲ့ခြင်း၊ ပြောရေးဆိုခွင့်ရှိသူထားရှိဆောင်ရွက်ပေးခြင်းတို့ကို ယခင်ကထက်တိုးမြှင့်ဆောင်ရွက်ပေးခြင်းသည် ပြည်သူများ သတင်းမှန်ရရှိစေရန်၊ မဟုတ်မမှန်သည့် သတင်းများ၊ ကောလာဟလများ ဟန့်တားနိုင်မည်ဖြစ်ပြီး မီဒီယာကျင့်ဝတ်နှင့်အညီ ပါတီစွဲ ၊ ဝါဒစွဲမရှိဘဲ အဖြူရောင် သက်သက်ဆောင်ရွက်သွားရန်လိုကြောင်း၊ သတင်းမီဒီယာများ၏ အခက်အခဲများကို ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် တက်ရောက်လာသည့် သတင်းမီဒီယာသမားများက သတင်းအမှား စီးဆင်းမှုများ တားဆီးရေး၊ ပုဂ္ဂလိကမီဒီယာများ အားကောင်းစေရေး၊ သတင်းရယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးတို့ကို ဆွေးနွေးပြောကြားကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

---

# သံတောင်ကြီးမြို့နှင့် ကော့သောင်းမြို့တို့ရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၃၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့ နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များကလည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ (ဝဲပုံ)

ထို့နောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးများ၌ သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများ လှည့်လည်ရောင်းချပေးနေ

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ ဦးဆောင်ကြီးကြပ်မှုဖြင့် စားသုံးဆီများကို ပြည်သူများသက်သာချောင်ချိသော ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေး ဈေးကားများဖြင့် စက်တင်ဘာ ၃၀ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာမြို့နယ်ရှိ နန္ဒဝန်ဈေး၊ အင်းစိန်မြို့နယ်ရှိ ဘိုကုန်းဈေး၊ မြောက်ဥက္ကလာမြို့နယ်ရှိ မေဝါဒီဈေးတို့တွင် စားသုံးဆီများကို အများပြည်သူများအား ဈေးသက်သက်သာသာဖြင့် လှည့်လည်ရောင်းချခဲ့သည်။

"လက်ရှိကာလမှာ ဒေါ်လာဈေးတွေက ကမောက်ကမဖြစ်တယ်၊ဈေးတက်တယ်၊ ဒါပေမယ့် အခြေခံလူတန်းစားတွေမှာ ဝင်ငွေအခက်အခဲတွေ အများကြီးရှိတယ်၊ ဒါကြောင့် လက်ရှိတက်နေတဲ့ အခြေအနေမျိုးမှာ ၁၇၅၀ ဈေးနှုန်းနဲ့ ဆီတင်သွင်းတဲ့ ကုမ္ပဏီတွေ အကုန်လုံးကို ရောင်းချပေးတယ်။ ရောင်းချလို့ရတဲ့ ဆီတွေအကုန်လုံးကို ပထမအနေနဲ့ လက်လီ၊ လက်ကား ရောင်းချတယ်၊ ညောင်ပင်လေးဈေးတို့၊ ဘုရင့်နောင်တို့မှာရှိတဲ့ ကုန်သည်တွေ ဆီခွဲပြီး ရောင်းချပေးပါတယ်။ ဈေးကားစနစ်ရဲ့ သဘောသဘာဝက သက်ဆိုင်ရာမြို့နယ်တွေ အကုန်လုံးကို သွားပြီးတော့မှ သက်ဆိုင်ရာ ဈေးတွေ၊ ဈေးနဲ့နီးတဲ့ လူစည်ကားတဲ့ နေရာတွေမှာ ရောင်းချပေးတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ အလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ဆီလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးရဲသူအောင်က ပြောသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း အနေဖြင့် စားသုံးဆီ ဈေးနှုန်း တည်ငြိမ်စေရေးအတွက် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဈေးကွက်အတွင်း စားသုံးဆီများ ပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းတည်ငြိမ် မှန်ကန်စေရေးနှင့် စားသုံးသူများ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဝယ်ယူရရှိစေရေးတို့အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။



အင်းစိန်မြို့နယ် ဘိုကုန်းဈေး၌ စားသုံးဆီများကို ရွေ့လျားဈေးကားဖြင့် လိုက်လံရောင်းချပေးစဉ်။

လက်ရှိကာလအတွင်း နိုင်ငံခြား ငွေလဲနှုန်းမြင့်တက်မှုအပေါ် စားသုံးဆီဈေးနှုန်းများ အဆမတန်မြင့်တက်မှု မရှိစေရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများသို့ တိုက်ရိုက်ရောင်းချပေးခဲ့သည့် နိုင်ငံခြားငွေနှင့် ညီမျှသည့် စားအုန်းဆီများကို လက်ကားဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ငါးရက်အတွင်း စားသုံးဆီပိဿာချိန် ၆၀၀၀ ခန့် ဈေးကားများဖြင့် လှည့်လည် ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အာကာစိုး၊ ဓာတ်ပုံ-တင်စိုး**

# တွန်းဆွဲရေယာဉ်အသစ် နှစ်စင်း လုပ်ငန်းခွင်စတင်ဝင်ရောက်ခြင်းအခမ်းအနားနှင့် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားကျင်းပ

**ရန်ကုန်  စက်တင်ဘာ ၃၀**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူတည်ဆောက်ခဲ့သည့် တွန်းဆွဲရေယာဉ်သစ် နှစ်စင်း လုပ်ငန်းခွင်စတင်ဝင်ရောက်ခြင်း အခမ်းအနားနှင့် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဆိုးတန်းရှိ ကျန်းမာရေး ဆိပ်ကမ်းတံတား၌ ကျင်းပသည်။



**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆိပ်ကမ်း တံတားများနှင့် သင်္ဘောလိုင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်း ရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဆိပ်ကမ်းတံတားစုစုပေါင်း ၄၅ စင်းရှိလာ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပင်လယ်ရေကြောင်း ကုန်သွယ်ရေး (Maritime Trade) သည် ကမ္ဘာ့စီးပွားရေးတွင်လည်းကောင်း၊ မြန်မာ့စီးပွားရေးတွင်လည်းကောင်း အလွန်အရေး ပါမှုရှိပြီး မြန်မာနိုင်ငံ၏ နိုင်ငံတကာရေကြောင်း ကုန်သွယ်မှုအတွက် ရန်ကုန်ဆိပ်ကမ်းသည် အဓိက ဝင်/ထွက်ပေါက်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၇ ဘီလီယံကျော်ရှိသည့် အနက် မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်း ကုန်သွယ်မှုတန်ဖိုးသည် ၂၆ ဒသမ ၈ ဘီလီယံကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၃ ရာခိုင်နှုန်း ရှိပါကြောင်း၊ နှစ်စဉ်တိုးတက်နေသော နိုင်ငံတော်၏ ရေကြောင်း ကုန်သွယ်မှုပမာဏကို နိုင်နင်းစွာ ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဆိပ်ကမ်း တံတားများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အဆင့်မြှင့်တင်ခြင်း၊ ကုန်ကိုင်တွယ် စက်ကိရိယာများ ဖြည့်တင်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို စုဆောင်းလေ့ကျင့် ပျိုးထောင်ခြင်း၊ နည်းပညာကို ထိရောက်အကျိုးရှိစွာ အသုံးချခြင်းတို့ကို နိုင်ငံ တကာနည်းတူ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် နိုင်ငံတော် နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု Public-Private Partnership ၏ ရလဒ်ကောင်းများကြောင့် နိုင်ငံ တကာ ကုန်သွယ်သင်္ဘောကြီးများ တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်း တံတားစုစုပေါင်း ၄၅ စင်းရှိလာပြီဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ရေယာဉ်နှစ်စင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်း တင်ပြပြီး တွန်းဆွဲရေယာဉ်နှစ်စင်း တည်ဆောက်ခြင်း ဆိုင်ရာ Video မှတ်တမ်းကို ပြသသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ယင်းနောက် ယနေ့တွင် လုပ်ငန်းခွင်သို့ စတင် ဝင်ရောက်မည့် တွန်းဆွဲ ရေယာဉ်သစ် နှစ်စင်းကို ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူ များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီး **(အပေါ်ပုံ)** တွန်းဆွဲ ရေယာဉ်နှစ်စင်းအား လှည့်လည်ကြည့်ရှုအားပေး သည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သည် လက်ရှိ အသုံးပြုလျက်ရှိသည့် တွန်းဆွဲရေယာဉ်များထက် စက်စွမ်းအားနှင့် နည်းပညာအရ သာလွန်ကောင်းမွန် သည့် တွန်းဆွဲရေယာဉ်အသစ် နှစ်စင်းကို စုစုပေါင်း တန်ဖိုးအမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၆၃ သန်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်) အစည်း အဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ သတ်မှတ်ချက်များ နှင့်အညီ ကျင်းပပြုလုပ်သည့် ၂၀၂၁ ခုနှစ် ကမ္ဘာ့ ပင်လယ်ရေကြောင်းနေ့ အခမ်းအနားသို့ တက် ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေကြောင်းဘက်ဆိုင်ရာ ပြည်တွင်းပြည်ပ အဖွဲ့ အစည်းများဖြစ်သော International Maritime Organization (IMO) Consultant၊ International Maritime Law Institute (IMLI)၊ India Ocean MoU အတွင်းရေးမှူးချုပ်ရုံး၊ အရှေ့တောင်အာရှ ပင်လယ်ပြင် ညစ်ညမ်းမှု ကာကွယ်တားဆီးရေး ကိုယ်စားလှယ် (IMO-IPECA GISEA၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ရေကြောင်းဌာနများမှ တာဝန်ရှိ သူများ၊ အမေရိကန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့များ၏ ကိုယ်စားလှယ်များ၊ Oil Spill Response Limited (OSRL) တို့မှ တာဝန် ရှိသူများ၊ ဆွီဒင်နိုင်ငံ World Maritime University မှ ကျောင်းသား၊ ကျောင်းသူများအပါအဝင် စုစုပေါင်း နိုင်ငံပေါင်း ၂၀ မှ ကိုယ်စားလှယ် ၅၆ ဦး Virtual Platform ဖြင့် ပါဝင်တက်ရောက်ကြသည်။

**အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်ကျင်းပ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ် အခမ်း အနားများအား အပြည်ပြည်ဆိုင်ရာ ရေကြောင်း အဖွဲ့ချုပ် (IMO) မှ ကြီးမှူး၍ ရေကြောင်း ဘေး အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ရေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ် များအပေါ် အထူးဂရုပြုဆောင်ရွက်လာနိုင်စေရေး အတွက် အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်ကျင်းပကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ယနေ့တွင် လက်တွဲ ပါဝင်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် ကမ္ဘာ့ ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ် သည် **"ရေကြောင်းကဏ္ဍ အနာဂတ်၏ ဗဟိုချက်သည် ပင်လယ်ကူးသင်္ဘောသားများဖြစ်သည် (Seafarers: at the core of shipping's future)"** ဟူ၍ ဖြစ်ပါ ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက အဖွဲ့ဝင်နိုင်ငံများကို သင်္ဘောသားများအား အဓိက ကျသော လုပ်သားများအဖြစ် သတ်မှတ်ပေးရန်၊ သင်္ဘောမှဆင်း၍ ၎င်းတို့၏ မိခင်နိုင်ငံများသို့ ပြန်ခွင့်ပြုရေး အထောက်အပံ့များ ပေးရန် တိုက်တွန်းခဲ့ပါကြောင်း၊ လက်ရှိအချိန်အထိ မြန်မာ သင်္ဘောသား ၁၀၀၀၀ ကျော်ကို သင်္ဘောအတက်၊ အဆင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံခြား သင်္ဘောသားများနှင့် ရေကြောင်းကဏ္ဍမှ ပုဂ္ဂိုလ် များအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးဒုက္ခများအကြား ကမ္ဘာ့ရေကြောင်း ကုန်သွယ်မှုကို လုံခြုံချောမွေ့စွာ ပို့ဆောင်ပေးနေ သည့် ပင်လယ်ကူး သင်္ဘောသားများကိုလည်း ချီးကျူး ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

**သတင်းစဉ်**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီစည်းဝေး

နေပြည်တော်  စက်တင်ဘာ ၃၀

**ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ (၁/၂၀၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။** (ယာပုံ)



**တက်ရောက်**

အစည်းအဝေးသို့ ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အဖွဲ့ဝင်များ တက် ရောက်ကြသည်။

**ထောက်ပံ့ကူညီမှုများလည်းရှိ**

ရှေးဦးစွာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အဖွင့် အမှာစကား ပြောကြားရာတွင် အကြောင်း အမျိုးမျိုးကြောင့် ယာယီခိုလှုံရာ စခန်းများတွင် ရောက်နေကြသော တိုင်းရင်းသား ပြည်သူများအတွက် စခန်းများ တွင် နေထိုင်စဉ်မိသားစု စားဝတ် နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဆောင်ရွက် ပေးနေကြောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းက ထောက်ပံ့ကူညီမှု များလည်းရှိကြောင်း၊ ၎င်းတို့ကို မူလနေထိုင်ရာ အရပ်ဒေသများသို့ ပြန်လည်ရောက်ရှိပြီး နေထိုင် စားသောက်ခြင်းနှင့် အသက်မွေး ဝမ်းကျောင်း အဆင်ပြေမှုရှိစေရန် ဆောင်ရွက်ပေး နေကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရများက ၎င်းတို့၏ မူလဒေသတွင် ပျက်စီးနေသော နေအိမ်များ အသစ်ဆောက်လုပ် ပေးခြင်း၊ ပြန်လည်ပြုပြင်ပေး ခြင်း၊ ရိက္ခာထောက်ပံ့ပေးခြင်း၊ အသုံးအဆောင်ပစ္စည်း ထောက်ပံ့ ပေးခြင်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ထိုသို့ဆောင် ရွက်ပေးနေမှုများကို သက်ဆိုင်ရာ ကာယကံရှင်များ၊ ဒေသခံပြည်သူ များနှင့် နိုင်ငံတကာကပါ သိရှိ အောင် သတင်းပြန်ကြားရေး ဆောင်ရွက်ပေးရန် အရေးကြီး ကြောင်း၊ ပြည်တွင်း/ပြည်ပမှ သိရှိစေရန်နှင့် မဟုတ်မမှန် ထုတ်လွှင့် ဖော်ပြနေကြသည့် အတွက် သတင်းမီဒီယာများက မိမိတို့၏ အမှန်တကယ်လုပ်ကိုင် ဆောင်ရွက်နေမှုများကို သိရှိစေ ရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက်သတင်းနှင့်ပြန်ကြား ရေး လုပ်ငန်းကော်မတီ အတွင်း ရေးမှူးနှင့် အဖွဲ့ဝင်များက ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်း ရေးဆိုင်ရာ သတင်းများ ရယူ ထုတ်ပြန်နိုင်ရေး၊ အသိပညာပေး အစီအစဉ်များ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

(၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# လက်ဆင့်ကမ်း စွမ်းရည်

**အန်ကယ်ပညာ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ ခေတ်နှင့်အညီ အဆင့်ဆင့်ပြောင်းလဲတိုးချဲ့ ဖွဲ့စည်းလာခဲ့သည့်အတွက် ထိုနေ့ကိုပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဟု သတ်မှတ်ခဲ့ကြပါသည်။ သို့ဖြစ်၍ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့သည် (၅၇)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဖြစ်ပါသည်။



ယနေ့ နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် နိုင်ငံသားတစ်ဦးချင်းသည်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သည်လည်းကောင်း မိမိကျရာတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်လည်း ပါဝင်သည်ဖြစ်၍ မိမိတပ်ဖွဲ့အတွက် ချမှတ်ထားသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ကြရမည်ဖြစ်ရာ ရဲတပ်ဖွဲ့ဝင်တိုင်းသည် တစ်ဦးချင်းစွမ်းရည်နှင့် ပြည့်ဝနေကြရမည်ဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၏ စွမ်းရည်ပြည့်ဝနေမှသာ တပ်ဖွဲ့ဝင်များနှင့်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်လည်း စွမ်းရည်ပြည့်ဝသည့် တပ်ဖွဲ့ကြီး ဖြစ်နေမည်ဖြစ်ပါသည်။

### အခြေခံအကျဆုံးလိုအပ်ချက်

ထိုသို့ စွမ်းရည်ပြည့်ဝနေမှသာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်ကြီး (၄) ရပ် ဖြစ်သောပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးတာဝန်များကို မှန်ကန်မြန်ဆန်စွာ အောင်မြင်အောင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ကြည့်လျှင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အေးချမ်းသာယာမှုနှင့် ကိုယ်စိတ်နှစ်ပါးလုံခြုံမှုအတွက် ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ ထိုသို့ နိုင်ငံနှင့်အဝန်း လုံခြုံမှုရှိပြီး အေးချမ်းသာယာနေမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်ပြည့်ဝရေးသည် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် နည်းပညာအသုံးပြုမှုတွင်ကျယ်လျက်ရှိရာ ရာဇဝတ်မှုကျူးလွန်သူများအနေဖြင့်လည်း နည်းပညာကိုအသုံးချ၍ ဥပဒေချိုးဖောက်မှုများ၊ ရာဇဝတ်မှုများကို ကျူးလွန်လာကြသည်။ အချို့သောမှုခင်းကိစ္စရပ်များတွင် သမားရိုးကျနည်းဖြင့် ရှာဖွေစုံစမ်းဖော်ထုတ်ရန် ခက်ခဲလာသဖြင့် ခေတ်နှင့်အညီ နည်းပညာမြင့် အထောက်အကူပြုပစ္စည်းကိရိယာများကိုလည်း ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်ရန် လိုအပ်လာပါသည်။ သို့ဖြစ်၍ ရဲတပ်ဖွဲ့ဝင်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် ဥပဒေဘောင်အတွင်းမှ စီးပွားရေးလုပ်ကိုင်နေသူများအနေဖြင့် မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းတို့မှ ရရှိသည့် ငွေကြေးပမာဏကို ယှဉ်ပြိုင်နိုင်ခြင်း မပြုနိုင်သည့်အပြင် ငွေကြေးမတည်ငြိမ်မှုများ၊ ငွေကြေးခဝါချမှုများပါဖြစ်ပေါ်နေသဖြင့် တိုင်းပြည်၏စီးပွားရေးကို ကမောက်ကမဖြစ်စေပါသည်။ သို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ငွေကြေးခဝါချမှုနှင့် ၎င်း၏မူလဇာစ်မြစ် ရာဇဝတ်မှုခင်းများကိုပါ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေး၊ ရာဇဝတ်မှုခင်းများ လျော့နည်းကျဆင်းရေး၊ နယ်မြေဒေသတည်ငြိမ်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏သယံဇာတများ တရားမဝင်ခိုးထုတ်ခြင်းမှ တားဆီးကာကွယ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်၏စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည့် ပို့ဆောင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် ရေကြောင်း၊ လေကြောင်း၊ ရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ ယာဉ်သွားလာမှုလုံခြုံချောမွေ့စေရေးတို့ကိုပါ ဆောင်ရွက်ပေးလျက်ရှိပါသည်။

> ❍ **နေရာဒေသမရွေး၊ အချိန်အခါမရွေး ပေးအပ်သည့်တာဝန်နှင့် ပေါ်ပေါက်လာသည့် ပြဿနာများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု အမြဲရှိနေစေရေးအတွက် ခံနိုင်ရည်စံနှုန်းများအတိုင်း အမြဲလေ့ကျင့်နေကြရမည်**

### ဖြည့်ဆည်းလေ့ကျင့်

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်ကဏ္ဍများအတွက် ရဲလုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ရဲတပ်ဖွဲ့ဝင်များ၏စွမ်းရည်ပြည့်ဝရေးသည် များစွာအရေးပါလျက်ရှိသည်ကို တွေ့ရပါသည်။ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်ဟုဆိုရာတွင် ပြည်သူလူထုအသိအမှတ်ပြုသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရများနှင့် ပြည့်ဝနေစေရမည်ဖြစ်ပါသည်။ ထိုသို့ပြည့်ဝနေစေရန် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်(၄)ရပ်၊ အခြေခံအရည်အချင်း(၅)ပါး၊ အမြင် (၅) မြင်၊ ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆) ချက်တို့နှင့် ပြည့်စုံနေရန် ဖြည့်ဆည်းလေ့ကျင့်နေကြရမည်ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် စနစ်တကျဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ စွမ်းရည်ပြည့်ဝသည့် တပ်ဖွဲ့ဖြစ်နေစေရေးအတွက် တည်ဆောက်ရေးတာဝန် (၄)ရပ်နှင့် တပ်ဖွဲ့များကို တည်ဆောက်နေကြရမည်ဖြစ်ပါသည်။ နယ်စပ်ဒေသနှင့် ပြည်တွင်းလုံခြုံရေးတာဝန်များကို ထမ်းဆောင်ရာတွင် သိရှိလိုက်နာ ဆောင်ရွက်ကြရမည့် စစ်အောင်ရာသောအကြောင်းကြီးများ၊ စစ်အခြေခံသဘောတရားများနှင့် စစ်နည်းဗျူဟာများကို လက်တွေ့အသုံးချနိုင်ပြီး တာဝန်ထမ်းဆောင်ရာ၌လည်း လှေခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ အမိနိုင်ငံတော်၏မြေကို တစ်လက်မမျှ ပုံ့အပါမခံနိုင်သည့်တိုက်ပွဲဝင်စိတ်ဓာတ်မျိုးထားရှိနိုင်သည်အထိ လေ့ကျင့်ထားကြရမည်ဖြစ်ပါသည်။

### လုပ်ငန်းခွင်လေ့ကျင့်ရေး

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တိုင်းသည် နယ်ဘက်ဆိုင်ရာ ဥပဒေများအပြင် ရဲစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကိုပါ အစဉ်လေးစားလိုက်နာကြရပြီး ဆောင်ရန်ရှောင်ရန်အတိုင်း လိုက်နာနေထိုင်ကာ ရဲတပ်ဖွဲ့၏ အစဉ်အလာ (၁၂) ရပ်ကို ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။ ထို့အပြင် နေရာဒေသမရွေး၊ အချိန်အခါမရွေး ပေးအပ်သည့်တာဝန်နှင့် ပေါ်ပေါက်လာသည့် ပြဿနာများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု အမြဲရှိနေစေရေးအတွက် ခံနိုင်ရည်စံနှုန်းများအတိုင်း အမြဲလေ့ကျင့်နေကြရမည်ဖြစ်ပါသည်။

ဤသို့ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ပြီး ယုံကြည်ချက် ခံယူချက်မြင့်မားကာ စွမ်းရည်ပြည့်ဝသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ပေါ်လာစေရေးအတွက် လေ့ကျင့်ရေးဖြင့် တည်ဆောက်ရာတွင် သင်တန်းကျောင်းများ၌ လေ့ကျင့်ခြင်းသည်အခြေခံမျှသာဖြစ်၍ လုပ်ငန်းခွင်များတွင်ပါ တာဝန်ထမ်းဆောင်ရင်း လက်တွေ့လုပ်ဆောင် လေ့ကျင့်သွားကြရမည်ဖြစ်ပါသည်။

ထို့အပြင် သင်တန်းကျောင်းများတွင် သက်ဆိုင်ရာရာထူးအဆင့်အတန်းအလိုက် လုပ်ငန်းကျွမ်းကျင်မှုမွမ်းမံလေ့ကျင့်ခြင်း၊ ပြည်ပနိုင်ငံများသို့ စေလွှတ်၍ သင်တန်းတက်ရောက်စေခြင်း၊ တပ်မတော်ဆိုင်ရာ သင်တန်းများသို့ တက်ရောက်စေခြင်းနှင့် သက်ဆိုင်ရာတပ်ဖွဲ့အလိုက် လေ့ကျင့်မှုများ ပြုလုပ်ခြင်းတို့ဖြင့်လည်း တပ်ဖွဲ့ဝင်များ၏ အရည်အချင်းကို မြှင့်တင်ပေးနေရမည်ဖြစ်ပါသည်။

### ကျေပွန်အောင်မြင်အောင်

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က ချမှတ်သည့်မူဝါဒများ၊ တည်ဆဲဥပဒေများနှင့်အညီ ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာတွင် ပြည်သူလူထုနှင့်အများဆုံးတိုက်ရိုက် ထိတွေ့ဆက်ဆံရသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ထို့အပြင် ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ မြန်မာနိုင်ငံသမိုင်းကြောင်းနှင့်ယှဉ်၍ အသုံးပြုခဲ့ကြသည့် ခေတ်စနစ်များအလိုက် မိမိတို့၏တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြသည့် အဖွဲ့အစည်းလည်းဖြစ်ပါသည်။

သို့ဖြစ်၍ တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် စွမ်းရည်ပြည့်ဝမှုကို အရင်းပြု၍ ဥပဒေဘောင်အတွင်းမှ သိမ်မွေ့မှန်ကန်စွာဆက်ဆံခြင်း၊ ပြည်သူ၏ လိုအပ်ချက်များကို စိတ်ရင်းစေတနာကောင်းဖြင့် ဝန်ဆောင်မှုပေးခြင်းတို့ဖြင့် ပြည်သူလူထု၏ ကောင်းမွန်သည့်အမြင်နှင့် စိတ်ပိုင်းဆိုင်ရာ ယုံကြည်အားကိုးမှုတို့ကို ရယူတည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ အကောင်အထည်ဖော်ရာတွင်လည်း မိမိတို့ကျရာကဏ္ဍမှ ကျေပွန်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

---

## ထားဝယ်မြို့၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

ထားဝယ် စက်တင်ဘာ ၃၀

အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် (၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ရုံးမှ ကြီးကြပ်၍ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု၊ သတင်းရဲတပ်ဖွဲ့စု၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ မှုခင်းရဲတပ်ဖွဲ့တပ်စိတ်၊ အရာရှိနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးကြီး ခင်ကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ခရိုင် (ပြန်/ဆက်)

◆ *ကျောဖုံးမှ*

ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာစေရေး လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းရပ်များ ချမှတ်ခြင်း၊ တိုင်းရင်းသားများ ပါဝင်သည့်ဖော်ဆောင်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လက်တွေ့လုပ်ငန်းရပ်များ ဆောင်ရွက်ခြင်းဟူသည့် အဆင့် ၃ ဆင့်ကို အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် သမိုင်းကြောင်း အခြေအနေများ။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ ယနေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်များ အကြိမ်ကြိမ်ထုတ်ပြန်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့သည့် အခြေအနေများနှင့် လက်ရှိတွင်လည်း (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ၅ လကြာ ထပ်မံတိုးမြှင့် ရပ်စဲပေးခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြင်ဦးလွင်၊ မြစ်ကြီးနား၊ လားရှိုးခရီးစဉ်များတွင် ပြောကြားခဲ့သည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပထမအချက်အနေ ဖြင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ

*စာမျက်နှာ ၁၂ သို့*

## နိုင်ငံရေးပါတီများ၏ ပါတီရန်ပုံငွေ၊ ငွေကြေးနှင့်ပစ္စည်းများစာရင်း စစ်ဆေးမှုမှတ်တမ်း



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ



အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ





## မဲမသမာမှုများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း NLD ပါတီဝင်များမှ လူစုလူဝေးဖြင့် မဲဆွယ်စည်းရုံးခြင်း။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD) မှ မင်းကင်းမြို့ပေါ်ရှိ ရပ်ကွက်များတွင် မဲဆွယ်စည်းရုံးရေးကာလအတွင်း ဆန်၊ ဆီ၊ ပဲ ပေးဝေနေမှုမှတ်တမ်း။



ဇင်လင်း(ခ)ကြွယ်ကြီး အပါ တရားခံ ၄ ဦး(သေဆုံး)မှ စမ်းချောင်းမြို့နယ် ရစခရုံးအား လက်လုပ်မိုင်းဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက် မြေနီကုန်းတံတားအောက်၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၁ မှ*

ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိမှုနှင့် ဒုတိယအချက်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိမှုစသည့် အချက် ၂ ချက်ကို အဓိကထား၍ အလေးထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး NUG အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် စက်တင်ဘာ ၇ ရက်တွင် အကြမ်းဖက်လုပ်ရပ်များ ပိုမိုဖြစ်ပေါ်လာစေရန် လှုံ့ဆော်ခဲ့ပြီးနောက်ပိုင်းတွင် မြို့အချို့နှင့် ဒေသအချို့တို့တွင် မိုင်းထောင်၊ မိုင်းခွဲခြင်း၊ ဗုံးပစ်ခတ်ခြင်း၊ ဒလန်ဟုစွပ်စွဲ၍ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်းစသည့်ဖြစ်စဉ်များ ပိုမိုများပြားလာသည့် အခြေအနေများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အများပြည်သူအသုံးပြုသည့် လမ်း၊ ရုံး၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသည့် နေရာများနှင့် ဆက်သွယ်ရေး တာဝါတိုင်များကို အဓိကပစ်မှတ်ထားဆောင်ရွက်လာသည်ကို တွေ့ရှိရပြီး အသက်အရွယ်ငယ်ရွယ်နုနယ်သည့် ကလေးငယ်များကိုပါ ရာဇဝတ်မှုကြီးများ ကျူးလွန်လာစေရန် သွေးထိုးလှုံ့ဆော်စေခိုင်းဆောင်ရွက်ခဲ့မှုများကို တွေ့ရှိရသည့် အခြေအနေများ၊ ရန်ကုန်-မန္တလေးမြို့ကြီးများအပါအဝင် မြို့နယ်အချို့၌ အကြမ်းဖက်သမားများကို လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုများနှင့် ဖမ်းဆီးရမိသူများ၏ ဝန်ခံပြောကြားချက်များကို PowerPoint Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ

ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်နေသော တရားခံများ၏ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။




ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတို့၏ ရွေးကောက်ပွဲဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များ ထုတ်ပြန်ထားရှိမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့မှုများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ PowerPoint Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍သတင်းဌာနများမှသတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

စဉ့်ကိုင်မြို့နယ် အင်းမကျေးရွာတွင် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။



❊ *ကျောဖုံးမှ*

ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် စားအုန်းဆီ ပိဿာ ၃၅၆၇၃၀၀၊ တန်ချိန် ၅၈၂၉ တန် ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် ၂ ရာခိုင်နှုန်းထက်မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ်(၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်းအမှတ် ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ကိုဗစ်-၁၉ တတိယလှိုင်းအတွင်း ကူးစက်ဖြစ်ပွားမှုကြောင့် နိုင်ငံတော်က အများပြည်သူ ရုံးပိတ်ရက် သတ်မှတ်ထားသည့် ကာလအတွင်း မဖြစ်မနေ ခရီးသွားလာကြမည့် ပြည်သူများနှင့် ကုန်စည်များ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန် အတွက် မြန်မာ့မီးရထားမှ ဇူလိုင် ၁၉ ရက်မှစ၍ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတွင် အမြန်ရထား တစ်စင်း၊ ရန်ကုန်-ပြည်လမ်း ပိုင်းတွင် စာပို့ရထားတစ်စင်း၊ ကန့်ဘလူ-မန္တလေး လမ်းပိုင်းတွင် RBE ရထား နှစ်စင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် စာပို့ရထား နှစ်စင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်းတွင် လူစီးကုန်တင် ရထား နှစ်စင်း၊ မော်လမြိုင်-ရေးလမ်းပိုင်းတွင် လူစီးကုန်တင် ရထားတစ်စင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းတွင် စာပို့ ရထား တစ်စင်းနှင့် ရန်ကုန် မြို့ပတ်ဆင်ခြေဖုံး လမ်းပိုင်းများ တွင် RBE ရထား ၂၂ စင်း နေ့စဉ် ပြေးဆွဲပေးခဲ့ပြီဖြစ်သည်။

ယခုအခါ ရုံးများ၊ စက်ရုံ/အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နေပြီ ဖြစ်ပါသဖြင့် စက်တင်ဘာ ၂၃ ရက်မှစတင်၍ ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် လူစီး အမြန်ရထား တစ်စင်း၊ ရန်ကုန်-ပဲခူးလမ်းပိုင်းတွင် RBE ရထား နှစ်စင်း၊ အင်းစိန်-ဥက္ကံလမ်းပိုင်းတွင် RBE ရထား နှစ်စင်း၊ ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်းတွင် လူစီးကုန်တင်ရထား သုံးစင်း ထပ်မံတိုးချဲ့၍ နေ့စဉ် ပြေးဆွဲပေးလျက်ရှိသည်။ အောက်တိုဘာ ၁ ရက်မှစ၍ ရန်ကုန်-ပြည်လမ်းပိုင်းတွင် စာပို့ရထားတစ်စင်းနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမြန်ရထားတစ်စင်းတို့ကို ထပ်မံတိုးချဲ့၍ နေ့စဉ်အစုန်/အဆန် ပြေးဆွဲပေးသွားရန် စီစဉ်ထားရှိပြီးဖြစ်သည်။

ထို့အပြင် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးနှင့် ကုန်စည်ပစ္စည်းများကို လိုရာခရီးသို့ ပို့ဆောင်နိုင်ရေးအတွက် ခရီးသည် စီးနင်းမှုနှင့် ကုန်တင်ပို့မှုများပြားလာမှုအပေါ် မူတည်၍ ခရီးသည်နှင့် ကုန်ရထားများကို ခရီးစဉ်တိုးချဲ့ပြေးဆွဲခြင်း၊ တွဲဆိုင်းများ ထပ်မံတိုးချဲ့၍ နေ့စဉ် စုန်/ဆန် ပြေးဆွဲထားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



## အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း မကြာမီ စခန်းဝင်လေ့ကျင့်မည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းသည် မကြာမီ စခန်းဝင်လေ့ကျင့်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးသည် ယခုနှစ်လယ်ပိုင်းက ယှဉ်ပြိုင်ခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံဖွဲ့စည်းဖွယ် ရှိနေသည်။ မြန်မာ့လက်ရွေးစင် အသင်းသည် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ခြေစစ်ပွဲအောင်အသင်း (တီမော/ဘရူနိုင်း) တို့နှင့် အုပ်စု (A)တွင် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် ဒီဇင်ဘာ ၅ ရက်တွင် အိမ်ရှင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒီဇင်ဘာ ၈ ရက်တွင်ခြေစစ်ပွဲအောင်အသင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ထိုင်းအသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စု (B) တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအိုအသင်းတို့ ပါဝင်နေသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပနိုင်ခြင်းမရှိဘဲ ရွှေ့ဆိုင်းထားသည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် တစ်လကျော် အချိန်ယူပြင်ဆင်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ပဲခူးမြို့ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်နှင့် စားသုံးကုန်များ ဆက်ကပ်လှူဒါန်း



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံသို့ ဆွမ်းဆန်နှင့် စားသုံးကုန်များ ဆက်ကပ်စဉ်။

**တောင်ငူ စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၉ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံသို့ ဆွမ်းဆန်နှင့် စားသုံးကုန်များ သွားရောက်ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ကျိုးတောင်တောရကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန် ငါးအိတ်၊ ဆီ ပိဿာ ၅၀၊ ကုလားပဲ နှစ်အိတ်၊ ဆားတစ်အိတ်၊ ကြက်ဥအလုံး ၂၀၀ ၊ နဝကမ္မ အလှူငွေကျပ် ခုနစ်သိန်း နှင့် လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

အလားတူ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးကျော်ထွန်း၊ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး ဆန်းညွန့်လှိုင်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဆံတော်တွင်း ပရိယတ္တိစာသင်တိုက်၊ ဥဿာရွှေဘုန်းမြင့် ပရိယတ္တိစာသင်တိုက်၊ ဖောင်တော်ဦး ရွှေဘုန်းပွင့် ပရိယတ္တိစာသင်တိုက်နှင့် ပန်းလှိုင်ပရိယတ္တိစာသင်တိုက်များသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆွမ်းဆန်၊ ဆီ၊ ကုလားပဲ၊ ဆား၊ နဝကမ္မ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုကိုဇော်

# ကျောက်တော်မြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်များက အထောက်အကူပြုဆေးများ လာရောက်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကုသရေးဦးစီး ဌာနတို့မှ ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ကျောက်တော် မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက် ထားသော အောက်ဆီဂျင်စက်ရုံအတွက် အလှူငွေ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျောက်တော်မြို့ နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ပြုလုပ်ရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများပြောကြားပြီး ကျန်းမာရေးဝန်ထမ်း များအတွက် ချီးမြှင့်ငွေကျပ် သိန်း ၂၀ ၊ ဆေးရုံကြီး၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ နှင့် ကျန်းမာရေးအထောက် အကူပြုပစ္စည်းများကို ပေးအပ်ကြရာ တာဝန်ရှိသူ များက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက် အကူဖြစ်စေရန်အတွက် စေတနာရှင် အလှူရှင်များက အထောက်အကူပစ္စည်းများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်ကောင်စီ နယ်မြေအတွင်း ကိုဗစ်-၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် Mr.Kiwi Aliwarga(CEO) UMG Co.,Ltd. က တစ်ရာ တစ်ဆယ့်ငါးသိန်းနှစ်သောင်းကျပ်တန်ဖိုးရှိ အဆုတ် အားဖြည့်ဆေး (Visudha Badhana Premium) များအား ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ လာရောက်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေပေးအပ်စဉ်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်း နိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေး လျက်ရှိရာ ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့် မြဝတီကုန်သွယ် ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ သုံးခုမှ ယာဉ်စီးရေ ငါးစီး ဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀ ၊ အောက်ဆီဂျင် (ဓာတ်ငွေ့) Bowser ယာဉ်တစ်စီးဖြင့် တန်၂၀၊ အောက်ဆီဂျင် (အိုးခွံ) ၁၃၄၀၊ Oxygen Plant သုံးခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၁၉၉ ခု၊ PPE ဝတ်စုံ ၂၀၀၀၀၊ လက်အိတ် ၀ ဒသမ ၁၇ တန်နှင့် နှာခေါင်း စည်း (Mask) တစ်တန်တင်သွင်း ခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ ရန်ကုန် မြို့နှင့် အောက်ဆီဂျင် (ဓာတ်ငွေ့) Bowser ယာဉ်တစ်စီးမှာ ပြည်မြို့ တို့သို့ဖြစ်ပြီး Oxygen Plant သုံးခု မှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှတင်သွင်း ရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် သက်ဆိုင်ရာဌာန များနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေး ကြေညာချက်များကို လည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ် ဆောင်ရွက်ပေးထားကြောင်း သိရ သည်။

သတင်းစဉ်



## နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ် ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel Issue–2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၉-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID–19 ကပ်ရောဂါကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက် ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်းခရီးသည်များမှတစ်ဆင့် COVID–19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၁၀-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေး ထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး၏သမီးကို ၂၀၂၂ သမ္မတရွေးကောက်ပွဲအတွက် ထိပ်ဆုံးမှ ရွေးချယ်ထား

**မနီလာ စက်တင်ဘာ ၃၀**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး၏ သမီး ဆာရာဒူတာတေးကာပီရိုသည် ၂၀၂၂ သမ္မတရွေးကောက်ပွဲအတွက် ထိပ်ဆုံးမှ ရွေးချယ်ထားသူဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက်က ထုတ်ပြန်လိုက်သော လွတ်လပ်သည့် စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ Pulse Asia ကဦးဆောင်ဦးရွက်ပြုကာ ကောက်ယူခဲ့သော အမျိုးသားစစ်တမ်းတစ်ခုတွင် အရွယ်ရောက်သူ ဖိလစ်ပိုင်နိုင်ငံသား ၂၄၀၀ ၏ ၂၀ ရာခိုင်နှုန်းက ဆာရာကို အလားအလာရှိသော သမ္မတလောင်းအဖြစ် ထောက်ခံဖော်ပြထားသည်။

ဖိလစ်ပိုင်သမ္မတဒူတာတေး၏ ပထမဆုံးသမီးဖြစ်သူ အသက် ၄၃ နှစ်ရှိ ဆာရာဒူတာတေးကာပီရိုသည် သမ္မတဒူတာတေး၏ ဇာတိမြို့ဖြစ်သည့် ဒါဗိုမြို့၏ မြို့တော်ဝန်လည်းဖြစ်သည်။



ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးနှင့် သမီးဖြစ်သူ ဆာရာဒူတာတေးကာပီရို။

ဇွန်လကရရှိခဲ့သော လူထုထောက်ခံမှု ၂၈ ရာခိုင်နှုန်းအောက် ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း သမ္မတဖြစ်ရန် အလားအလာရှိသူစာရင်းတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။ အလားအလာရှိသော သမ္မတလောင်းအဖြစ် နာမည်ကြီးလျက်ရှိသော ၎င်းသည် သမ္မတရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အစောပိုင်းက ပြောခဲ့သည်။

သမ္မတရာထူးနေရာ ဝင်ရောက်ယှဉ်ပြိုင်မည့်အစား မြို့တော်ဝန်အဖြစ်သာ ထပ်မံယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။

နိုင်ငံရေးသမားသုံးဦးဖြစ်သည့် အစ္စကိုမိုရန်နိုအဖြစ် နာမည်ကြီးကျော်ကြားသူ မနီလာမြို့တော်ဝန် ဖရန်စစ္စကိုဒိုမန်ဂိုဆို၊ ရဲချုပ်ဟောင်း ပန်ဖီလိုလက်ဆန်၊ လွှတ်တော်အမတ်နှင့် လက်ဝှေ့ကျော် မန်နီပက်ကွီယိုတို့သည် သမ္မတနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ၎င်းတို့သည် အောက်တိုဘာ ၁ ရက်မှ ၈ ရက်အထိ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရန် စာရင်းသွင်းရမည်ဖြစ်သည်။

**ဆင်ဟွာ**

# လင်းနို့များသည် ကိုရိုနာဗိုင်းရပ်စ်သစ်ကူးစက်ပျံ့နှံ့မှုကို ထင်ထားသည်ထက် ပို၍ဖြစ်စေသည်ဟု လေ့လာမှုတစ်ခုကဖော်ပြ

**ဘာလင် စက်တင်ဘာ ၃၀**

တိရစ္ဆာန်မှတစ်ဆင့် လူသို့ ကိုရိုနာဗိုင်းရပ်စ်သစ် ကူးစက်ပျံ့နှံ့မှုသည် ယခင်ထင်ထားသည်ထက် အရှေ့တောင်အာရှတွင် ပို၍ဖြစ်နိုင်ကြောင်း ဂျာမန်မီဒီယာတွင် ဖော်ပြခဲ့သည်။

**ကူးစက်ပျံ့နှံ့နိုင်မှုပိုများ**

တွေ့ရှိချက်သက်သေများအရ တချို့ဆားစ်နှင့်ဆက်စပ်သော ကိုရိုနာဗိုင်းရပ်စ် (SARSr-CoVs) လင်းနို့များသည် လူသို့ တိုက်ရိုက်ရောဂါကူးစက်မှု ဖြစ်ပွားနိုင်ကြောင်းနှင့် ၎င်းတို့၏ တခြားနေရာသို့ ကူးစက်ပျံ့နှံ့နိုင်မှုသည် ယခင်တွေ့ရှိထားသည်ထက် ပို၍များကြောင်း EcoHealth Alliance မှ ဆဲလ်စီလီယာဆန်ချက် ဦးဆောင်သည့် လေ့လာမှုတစ်ခုတွင် ဖော်ပြထားသည်။



ကိုရိုနာဗိုင်းရပ်စ်သယ်ဆောင်သည့် လင်းနို့တစ်မျိုးကို တွေ့ရစဉ်။

**လင်းနို့များမှ ရောဂါကူးစက်**

လင်းနို့များ၏ အကောင်ရေ ပျံ့နှံ့သိပ်သည်းမှုနှင့် ကိုက်ညီသည့်အချက်အလက်အရသော်လည်းကောင်း ဖြစ်နိုင်ခြေရှိသော လူသားများနှင့် တိရစ္ဆာန်အလေ့အထနှင့် အပြုအမူထပ်တူကျမှုများအရသော်လည်းကောင်း အရှေ့တောင်အာရှတွင် နှစ်စဉ်နှစ်တိုင်း ဆားစ်နှင့်ဆက်စပ်သော ကိုရိုနာဗိုင်းရပ်စ် (SARSr-CoVs) လင်းနို့များမှ ရောဂါကူးစက်ဖြစ်ပွားမှု ၄၀၀၀၀၀ နီးပါးရှိကြောင်း သုတေသီများက ပြောသည်။

**လင်းနို့မျိုးစိတ်ပေါင်း ၂၃ မျိုးရှိ**

တရုတ်နိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်အာရှတွင် ဆားစ်နှင့်ဆက်စပ်သော ကိုရိုနာဗိုင်းရပ်စ်များကို သယ်ဆောင်သည့် လင်းနို့မျိုးစိတ်ပေါင်း ၂၃ မျိုးရှိကြောင်းနှင့် ၎င်းတို့သည် လူပေါင်း ၄၇၈ သန်းနေထိုင်သော စတုရန်း ကီလိုမီတာ ၄ ဒသမ ၅ သန်းနီးပါးကို ဖြန့်ကြက်လွှမ်းခြုံလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# စစ်တပ်အတွက် ရဟတ်ယာဉ်သစ်များ အိန္ဒိယနိုင်ငံ ဝယ်ယူမည်

**နယူးဒေလီ စက်တင်ဘာ ၃၀**

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၉ ရက်က အိန္ဒိယရူပီး ၁၃၁ ဒသမ ၆၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇ ဘီလီယံ) တန်ဖိုးရှိ လက်နက်နှင့် ပွဲထိန်းဒုံးတပ်ဆင်ထားသော ရဟတ်ယာဉ်အသစ်များကို စစ်တပ်အတွက် ဝယ်ယူရန် သဘောတူခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ရာဂျ်နက်ဆင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယူးဒေလီအစည်းအဝေး၌ အိန္ဒိယစစ်တပ်အတွက်လိုအပ်သော ခေတ်မီစစ်လက်နက်များ ဝယ်ယူတပ်ဆင်ရန် အဆိုပြုချက်ကို ကာကွယ်ရေးစစ်လက်နက်များ ဝယ်ယူစုဆောင်းရေးကောင်စီ (DAC) က ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

စစ်လက်နက်ပစ္စည်းများဝယ်ယူရန် သဘောတူခွင့်ပြုမှုတွင် 25 ALH Mark III ရဟတ်ယာဉ်များနှင့် ပွဲထိန်းစနစ်တပ်ဆင်ထားသည့် စစ်လက်နက်ပစ္စည်းများပါဝင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိန္ဒိယရူပီး ၁၁၄ ဒသမ ၈၆ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅ ဘီလီယံ) တန်ဖိုးရှိ စစ်လက်နက်ဝယ်ယူမှု၏ ၈၇ ရာခိုင်နှုန်းနီးပါးသည် ပြည်တွင်းအရင်းအမြစ်များမှဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# ကီရှီးဒါး ဝန်ကြီးအဖွဲ့ အမှုဆောင်များကို ရွေးချယ်

**တိုကျို စက်တင်ဘာ ၃၀**

ဂျပန်အာဏာရပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်သစ်သည် ပါတီ၏ အမှုဆောင်အဖွဲ့များကို ရွေးချယ်ရင်း မအားမလပ်ဖြစ်နေသည်။

စက်တင်ဘာ ၂၉ ရက်က ကီရှီးဒါးဖူမီယိုသည် ပါတီဥက္ကဋ္ဌနေရာ အနိုင်ရရှိခဲ့သည်။ လာမည့်သီတင်းပတ်တွင် ၎င်းသည် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်ရန် သေချာသလောက်ရှိသည်။

ကီရှီးဒါးသည် အမာရီအကီရာကို ပါတီ၏ နံပါတ် ၂ နေရာဖြစ်သည့် အတွင်းရေးမှူးချုပ် ခန့်အပ်ခဲ့သည်။ အမာရီသည် အစိုးရအဖွဲ့တွင် ဌာနလေးခုကို ပူးတွဲကိုင်ရမည်ဖြစ်သည်။ ထို့ပြင် ၎င်းသည် ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်အဖွဲ့၏ ဦးဆောင်ညှိနှိုင်းသူလည်း ဖြစ်သည်။

တာကိုင်ချီဆာနဲသည် ပါတီ၏ မူဝါဒရေးရာသုတေသနကောင်စီဥက္ကဋ္ဌ ဖြစ်လာဖွယ်ရှိပြီး ၎င်းသည်ကီရှီးဒါးကို LDP ပါတီရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဖူကူဒါတက်ဆိုသည် အထွေထွေကောင်စီဥက္ကဋ္ဌ ဖြစ်လာမည်ဖြစ်ကာ ၎င်းသည် ဝန်ကြီးချုပ်ဟောင်း ဖူကူဒါယာဆို၏သား ဖြစ်သည်။

ကိုနိုတာရိုသည် ပြည်သူ့ဆက်ဆံရေးဌာနချုပ်၏ ဥက္ကဋ္ဌဖြစ်လာမည်ဖြစ်ပြီး မက်ဆုနိုဟီရိုကာဆုကို ကီရှီးဒါးဝန်ကြီးအဖွဲ့၏ အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# တာလီဘန်အစိုးရကို အမျိုးသမီးများ၏အခွင့်အရေးလေးစားရန် ဂျီ-၂၀ ခေါင်းဆောင်များ တိုက်တွန်းမည်

**ကဘူးလ် စက်တင်ဘာ ၃၀**

ဂျီ-၂၀ ခေါင်းဆောင်များသည် တာလီဘန် အုပ်ချုပ်မှုအောက်ရှိ အာဖဂန်နစ္စတန်အခြေအနေကို အောက်တိုဘာ ၁၂ ရက်တွင် ကျင်းပမည့် အစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်သည်။

အီတလီဝန်ကြီးချုပ် မာရီယိုဒရာဂီက စက်တင်ဘာ ၂၉ ရက် သတင်းစာရှင်းလင်းပွဲတွင် အစည်းအဝေးကျင်းပမည့်ကိစ္စကို ကြေညာခဲ့သည်။ အီတလီသည် ယခုနှစ်တွင် အလှည့်ကျ ဂျီ-၂၀ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။



အီတလီဝန်ကြီးချုပ် မာရီယိုဒရာဂီ။

အဆိုပါဆွေးနွေးပွဲကို အွန်လိုင်းဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ဒေသမီဒီယာများတွင် ဖော်ပြသည်။

တာလီဘန်များသည် အာဖဂန်နစ္စတန်ကို ဩဂုတ်လတွင် ထိန်းချုပ်နိုင်ခဲ့သည်။

ဂျီ -၂၀ ခေါင်းဆောင်များသည် အစ္စလာမ္မစ်အုပ်စုကို အမျိုးသမီးများ၏အခွင့်အရေးအား လေးစားရန် တိုက်တွန်းသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## စက်တင်ဘာ ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆၈ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၅၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၇၇၃၅ ဦးရှိ

(၃၀-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၉-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း **(၁၈,၃၀၄)**ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် **(၁,၄၆၈)**ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ **(၈.၀)** ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၁၇,၈၅၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၆၄,၀၇၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၄၀၂) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၈,၃၂၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၇,၇၃၅) ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၃၀-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၀၈)ခု | (၉၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၂)ခု | (၁၈)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၀၁)ခု | (၁၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၄)ခု | (၅၄)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၉၆)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၆၆)ခု | (၉၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၅၃၇)ခု | (၁,၁၈၇)ဦး |
| စုစုပေါင်း | (၁၈,၃၀၄)ခု | (၁,၄၆၈)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၃၀-၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၄၂၀၀၄၂၁ | ၃၃၆၃၄၇၀၂ | ၇၁၃၉၅၃ |
| ၂။ | အိန္ဒိယ | ၃၃၇၆၁၄၈၁ | ၃၃၀၃၀၆၁၆ | ၄၄၈၃၀၃ |
| ၃။ | ဘရာဇီး | ၂၁၃၉၉၅၄၆ | ၂၀၄၀၄၇၀၁ | ၅၉၆၁၆၃ |
| ၄။ | ဗြိတိန် | ၇၇၇၁၂၉၄ | ၆၂၉၂၂၃၄ | ၁၃၆၅၂၅ |
| ၅။ | ရုရှား | ၇၅၁၁၀၂၆ | ၆၆၇၂၇၆၇ | ၂၀၇၂၅၅ |
| ၆။ | တူရကီ | ၇၁၂၄၉၆၆ | ၆၅၈၃၇၈၉ | ၆၃၈၃၈ |
| ၇။ | ပြင်သစ် | ၇၀၀၈၂၂၈ | ၆၇၆၁၁၆၈ | ၁၁၆၆၅၇ |
| ၈။ | အီရန် | ၅၅၈၇၀၄၀ | ၅၀၃၁၆၉၂ | ၁၂၀၄၂၈ |
| ၉။ | အာဂျင်တီးနား | ၅၂၅၅၂၆၁ | ၅၁၁၆၂၇၄ | ၁၁၅၁၃၀ |
| ၁၀။ | စပိန် | ၄၉၅၆၆၉၁ | ၄၇၅၀၆၁၄ | ၈၆၃၉၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃၀- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၁၅၁၀၄ | ၄၀၃၇၀၂၄ | ၁၄၁၉၃၉ |
| ဖိလစ်ပိုင် | ၂၅၄၉၉၆၆ | ၂၃၇၃၃၇၈ | ၃၈၂၉၄ |
| မလေးရှား | ၂၂၃၂၉၆၀ | ၂၀၃၇၀၉၉ | ၂၆၁၄၃ |
| ထိုင်း | ၁၆၀၃၄၇၅ | ၁၄၇၀၆၇၃ | ၁၆၇၂၇ |
| ဗီယက်နမ် | ၇၉၀၇၅၅ | ၆၀၈၈၃၁ | ၁၉၃၀၁ |
| မြန်မာ | ၄၆၄၀၇၆ | ၄၁၈၃၂၉ | ၁၇၇၃၅ |
| ကမ္ဘောဒီးယား | ၁၁၂၆၅၁ | ၁၀၂၈၂၇ | ၂၃၁၉ |
| စင်ကာပူ | ၉၄၀၄၃ | ၇၇၃၀၇ | ၉၃ |
| လာအို | ၂၃၈၄၆ | ၁၈၇၀၅ | ၁၈ |
| ဘရူနိုင်း | ၇၁၁၆ | ၄၈၇၅ | ၄၂ |

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃၀

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကိုနယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၅၉ ဦး၊ အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၁၄၃ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၇၀ နှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၅၉ ဦး တို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၈၇ ဦး၊ အမျိုးသမီး ၁၁၆ ဦး စုစုပေါင်း ၃၀၃ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်သမားများအဖြစ် ကလေးများဘဝ မနစ်မွန်းစေရေး ဝိုင်းဝန်းကူညီဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၉/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲတွင် (၁) ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်ပြည့်စိန်ရတု ပြည်ထောင်စုနေ့၊ (၂) ဒို့တာဝန်အရေးသုံးပါးသဖွယ် ဆက်လက်အလေးထား လုပ်ဆောင်သွားမည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပြည်ထောင်စုခိုင်မာစေရေး၊ (၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ချက်များနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ (၄) ရွေးကောက်ပွဲကော်မရှင်က ဆက်လက်လုပ်ဆောင်နေသည့် လုပ်ငန်းများပြောကြားမည်ဖြစ်ကြောင်း၊ ပထမ ၃ ချက်ကို မိမိကပြောမည်ဖြစ်ပြီး စတုတ္ထအချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြောကြားမည်ဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားမှုများပြီးပါက မေး၊ ဖြေကဏ္ဍဖြစ်ကြောင်း၊ အချိန်ကန့်သတ်ချက်အရ မီဒီယာတစ်ခုကို မေးခွန်း ၁ ခုသာ မေးမြန်းရန်ကြိုတင်မေတ္တာ ရပ်ခံလိုကြောင်း ပြောကြားသည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မိမိတို့နိုင်ငံ၏ (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံသော သွေးစည်းညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တိုင်းရင်းသားအားလုံး တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူကြမည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ကျရောက်လာတော့မည့် (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် (၁) ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်၊ (၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ရေးအတွက် လုပ်ဆောင်မည့် လုပ်ငန်းရပ်များ ချမှတ်ခြင်း၊ တိုင်းရင်းသားများပါဝင်သော ဖော်ဆောင်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လက်တွေ့လုပ်ငန်းရပ်များဆောင်ရွက်ခြင်းဆိုသည့် အဆင့် ၃ ဆင့်ကို နိုင်ငံတော်အစိုးရအနေဖြင့် အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကိစ္စများအတွက် တိုင်းရင်းသားပြည်သူလူထုနှင့် ပါဝင်ပတ်သက်ရမည့် အစုအဖွဲ့များအားလုံးထံမှ အကြံပြုချက်များရယူခြင်း၊ အသိပေးခြင်းနှင့် ပညာပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်းဆိုသည့် လုပ်ငန်းစဉ်ကိုမပြောမီ ခေတ်အဆက်ဆက်တပ်မတော်၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ချက်များကို ပြောလိုကြောင်း၊ သို့မှသာ သမိုင်းကြောင်းနှင့် လက်ရှိပကတိအခြေအနေကို ပြည်သူလူထုတစ်ရပ်လုံး နှိုင်းယှဉ်ကြည့်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ကြောင်း၊ လွတ်လပ်ရေးမရမီကတည်းက လွတ်လပ်ရေးနှင့်အတူရှိလာမည့် မြန်မာနိုင်ငံတော်အစိုးရကို ကြိုတင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ ရှိနေခဲ့ကြောင်း၊ အနည်းဆုံး ၅ ဖွဲ့ ရှိခဲ့ကြောင်း၊ ရခိုင်မြောက်ပိုင်းက မူဂျာဟစ်အဖွဲ့၊ အလံနီကွန်မြူနစ်ပါတီ(ဖျာပုံ)၊ တပ်နီများ (ပျဉ်းမနား) စသည်တို့ဖြစ်ကြောင်း၊ ထိုအဖွဲ့များ ပါဝင်သည့် အဖွဲ့(၅)ဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးမရခင်ကတည်းက လွတ်လပ်ရေးနှင့်အတူ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၉/၂၀၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ၌ သတင်းမီဒီယာသမားများ မှတ်တမ်းရိုက်ကူးစဉ်။

ဖြစ်ပေါ်လာမည့်အစိုးရကို ကြိုတင်ဆန့်ကျင်သည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ်၊ မတ်လတွင် ဗကပက ဦးနုခေါင်းဆောင်သော ဖဆပလအစိုးရကို ဝါဒရေးရာအရ ဆန့်ကျင်တောခိုခဲ့ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ပိုကြီးလာကြောင်း၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည်ဟုပြောပြီး လွတ်လပ်ရေးရသည့်အခါ ၎င်းတို့ဘာကြောင့် တောခိုပြီး ဖဆပလအစိုးရကို ဆန့်ကျင်ခဲ့ပါသလဲ၊ အကြောင်းပြချက်မှာ **“ဗြိတိသျှအစိုးရထံကရသည့် လွတ်လပ်ရေးဟာ လွတ်လပ်ရေးအစစ်မဟုတ်၊ တကယ့်လွတ်လပ်ရေးကို လက်နက်နဲ့ တိုက်ယူမှရမယ်ဆိုတဲ့”** အကြောင်းပြချက်ပဲဖြစ်ကြောင်း၊ ပျဉ်းမနားညီလာခံတွင် **“မြန်မာပြည်တွင်း လက်နက်ကိုင်တော်လှန်ရေး လုပ်ငန်းစရန် အချိန်တန်ပြီ”** ဟု လှုံ့ဆော်ခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က ဗန္ဓုလပန်းခြံထဲ၌လုပ်ခဲ့သည့် အခမ်းအနားတွင် ဗကပခေါင်းဆောင် သခင်သန်းထွန်းက **“အေးအေးနေချင်တဲ့ သခင်နုကို အအေးဆုံးနေရာဖြစ်တဲ့ သင်္ချိုင်းကို ပို့ပစ်ရမယ်၊ ဗားကရာချောက်ကြီးမှာ ဆိုရှယ်လစ်အရိုးတောင်လိုပုံရစေမယ်”** ဆိုပြီး လှုံ့ဆော်ခဲ့ကြောင်း၊ ထိုအချက်များသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ အစများဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ ယနေ့ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ထင်ဟပ်နှိုင်းယှဉ်ကြည့်စေလိုကြောင်း၊ ၂၀၁၀ နောက်ပိုင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် အချို့သော အစွန်းရောက်နိုင်ငံရေးသမားတွေ ပြောဆိုခဲ့သော **“ခုရရှိတဲ့ ဒီမိုကရေစီစနစ်ဆိုတာ အစစ်အမှန်မဟုတ်ဘူး”** ဆိုသည့်ကိစ္စများ၊ **“စစ်တစ်ပိုင်းအစိုးရ”** ဆိုသည့်ကိစ္စများ၊ **“အာဏာဟူသမျှ ဖီဆန်ကြ”**ဆိုသည့် လှုံ့ဆော်မှုများ၊ ယခု NUG ၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများ၏ **“အုပ်ချုပ်လို့မရစေရ”** ဆိုသော ပြောကြားချက်များ၊ ၎င်းတို့ကို မထောက်ခံသူများကို ဒလန်တံဆိပ်ကပ်ပြီး စွပ်စွဲသတ်ဖြတ်နေမှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဦးတည်နေသည့် လှုံ့ဆော်ချက်၊ ထုတ်ပြန်ချက်နှင့် ပြောကြားချက်များအပေါ် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် အတိတ်ကာလနှင့် နှိုင်းယှဉ်စဉ်းစားပြီး တိုင်းပြည်ပျက်အောင် မီးထိုးနေသောသူများကို သတိထားကြစေလိုသည်ကို ပြောကြားလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်အစိုးရအဆက်ဆက်နှင့် တပ်မတော်အနေဖြင့် လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ဗကပများတောခိုပြီး တစ်လကျော်အကြာတွင် သခင်နုက သူ့ကိုဒီလောက်ပြောဆိုကြိမ်းမောင်းနေသည့် ကွန်မြူနစ်များနှင့် ငြိမ်းချမ်းမှုရရှိစေရေး လက်ဝဲညီညွတ်ရေးမူ ၁၅ ချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးစကာလမှာ လွတ်လပ်ရေးကိုကြိုးပမ်းခဲ့ကြသော အင်အားစုတော်တော်များများမှာ လက်ဝဲယိမ်းသူများ များကြောင်း၊ ထို့ကြောင့် ထိုအဖွဲ့များကြား မတူညီမှုများကို ဘေးဖယ်၊ တူညီသောကိစ္စများကို ပေါင်းလုပ်ရင်း ပြည်တွင်းညီညွတ်မှုရစေရန်၊ ထိုမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးရစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်တို့က ကိုယ့်အဖွဲ့ကိုယ်ဖျက်ပြီး တစ်ပါတီတည်းအဖြစ် ပူးပေါင်းပါဝင်ကြိုးပမ်းကြရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ကြောင်း၊ ဖဆပလအစိုးရအနေဖြင့် ကွန်မြူနစ်များနှင့် တိုက်နေသည့်စစ်ကို ရပ်စဲပြီး လက်ဝဲညီညွတ်ရေးအတွက် ဇူလိုင်လမှာ လက်ဝဲစည်းရုံးရေးကောင်စီကို တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းက ဥက္ကဋ္ဌအဖြစ် ပါဝင်သော အဖွဲ့ဝင် ၂၁ ဦးနှင့်ဆောင်ရွက်ခဲ့ကြောင်း၊ မအောင်မြင်ခဲ့ကြောင်း၊ မအောင်မြင်ရသည့် အကြောင်းများစွာရှိပြီး အချက်တစ်ချက်ကို ပြောလိုကြောင်း၊ ထိုလက်ဝဲညီညွတ်ရေးမူ ၁၅ ချက်လည်း ထုတ်ပြန်ရော အင်္ဂလန်နှင့် အမေရိကန်က မြန်မာပြည်ကြီးနီသွားပြီဟုရေးသားမှုများ၊ စောင့်ကြည့်ရဦးမယ်ဟု ဟိန်းဟောက်မှုများ လုပ်လာကြကြောင်း၊ အချင်းချင်းကကွဲ၊ လွတ်လပ်ရေးရပြီးစ အင်အားကလည်း နည်းနေ၍ အစိုးရအနေဖြင့် ဦးတင်ထွဋ်ကို လန်ဒန်အထိစေလွှတ်ပြီး ရှင်းပြရသည့်အဆင့်ရောက်ခဲ့ကြောင်း၊ ထို့ကြောင့် လက်ဝဲညီညွတ်ရေးမူထဲက **“မက်စ်ဝါဒလေ့လာရေးအဖွဲ့ဖွဲ့ရန်”** ဆိုသည့် အချက် ၁ ချက်ကို ဖြုတ်ပြီး ၁၄ ချက်ဖြစ်လာရကြောင်း၊ မိမိပြောချင်သည်မှာ အချို့နိုင်ငံခြားအခြေစိုက် မီဒီယာများနှင့် ပြောသည့်အချိန်တွင် ပြောခဲ့သလို **“အနောက်နိုင်ငံအချို့အနေနဲ့ မြန်မာနိုင်ငံမှာ မြန်မာပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးမယ့်အစိုးရ၊ ဒီမိုကရေစီအစိုးရဆိုတာမျိုးထက် သူတို့ကြိုးကိုင်ခြယ်လှယ်လို့ရမယ့် အစိုးရမျိုး တက်လာတာ၊ ရှိနေတာကိုပဲ လိုချင်တာ”** ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ၁၉၄၈–၁၉၄၉ ခုနှစ်မှာ KNU နှင့် ဆွေးနွေးခဲ့ကြောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ကေအင်န်ယူနှင့် ထပ်ဆွေးနွေးခဲ့ကြောင်း၊ တော်လှန်ရေးကောင်စီ တက်လာပြီးနောက်ပိုင်း ၁၉၆၃ ခုနှစ်၊ ဇွန်လတွင် **“ပြည်တွင်းငြိမ်းချမ်းရေးအတွက် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းအားလုံးသို့ တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်”**ကို ထုတ်ပြန်ခဲ့ကြောင်း၊ ထိုနှစ်ထဲမှာပဲ ဗကပနှင့် ၇ ကြိမ်ဆွေးနွေးခဲ့ကြောင်း၊ KIA ၊ KIC တို့နှင့် ၃ ကြိမ် ဆွေးနွေးခဲ့ကြောင်း၊ KNU ၊ MNSP ၊ KNPP သုံးပါတီနှင့်၊ ၎င်းတို့ပါဝင်သော မဒညတအဖွဲ့များကို ၅ ကြိမ်ခန့် ဆွေးနွေးခဲ့ကြောင်း၊ လမ်းစဉ်ပါတီခေတ် ၁၉၈၀–၁၉၈၁ ခုနှစ်ထဲတွင် KIA နှင့် ၁၀ ကြိမ်၊ ဗကပနှင့် ၂ ကြိမ်ဆွေးနွေးခဲ့ကြောင်း၊ စောဟန်တာသာမွေးဦးဆောင်သော ကရင်တော်လှန်ရေးကောင်စီ (KRC) တစ်ဖွဲ့တည်းနှင့်သာ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြောင်းပြောကြားသည်။

တော်လှန်ရေးကောင်စီအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက် ရာတွင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်သာမဟုတ်ဘဲ နိုင်ငံရေးခေါင်းဆောင်များ၏ အကြံဉာဏ်ကိုရယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် တိုင်းရင်းသားလူမျိုးစုများအရေးစသော နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စများကို ဆောင်ရွက်နိုင်ရန် ရည်မှန်းပြီး **“ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့”** ကို ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြောင်း၊ အဓိကရည်ရွယ်ချက်က စည်းစည်းလုံးလုံး ညီညီညာညာနှင့် တိုင်းပြုပြည်ပြုကိစ္စများ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ပြည်တွင်းညီညွတ်ရေးအဖွဲ့တွင် အဖွဲ့ဝင် ၃၃ ဦး ပါဝင်ခဲ့ကြောင်း၊ ထင်ရှားသောပုဂ္ဂိုလ်များမှာ ဦးနု(ဝန်ကြီးချုပ်ဟောင်း)၊ ဦးကျော်ငြိမ်း၊ ဝိစိုရသခင်ချစ်မောင်၊ ဦးဗဆွေ၊ မန်းဝင်းမောင်၊ ဒူဝါဇော်လွန်း၊ ဗိုလ်မှူးအောင်၊ ဗိုလ်မင်းခေါင်တို့ ပါဝင်ခဲ့ကြကြောင်း၊ ထို ၃၃ ဦးစာရင်းကို လေ့လာကြည့်ရင် တည်မြဲ(ဖဆပလ)၊ သန့်ရှင်း(ဖဆပလ)နှင့် ပမညတ စသည့် နိုင်ငံရေးအဖွဲ့မျိုးစုံက ပုဂ္ဂိုလ်များပါဝင်သလို တိုင်းရင်းသားလူမျိုးစုံ ပါဝင်ခဲ့ကြောင်း၊ ထိုအကြံပေးအဖွဲ့အနေဖြင့် အကြံပြုခဲ့ရာမှာ အုပ်စု ၄ စုခန့် ကွဲပြားခဲ့ကြောင်း၊ ဥပမာအားဖြင့် ဗိုလ်မှူးအောင်၊ ဗိုလ်မှူး ခင်မောင်ကလေး၊ ဒူဝါဇော်လွန်းတို့ပါသည့် ၁၈ ဦး အုပ်စုက နိုင်ငံရေး စနစ်အနေဖြင့် ဒီမိုကရေစီဆိုရှယ်လစ်လမ်းကြောင်းကို လျှောက်လှမ်းရန်နှင့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရန် ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးစနစ်က အမေရိကန်ပြည်ထောင်စုကဲ့သို့ သမ္မတအုပ်ချုပ်ရေးစနစ်ကျင့်သုံးရန်၊ စီးပွားရေးစနစ်က

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အစိုးရ၊ သမဝါယမ၊ ဖက်စပ်နှင့်ပုဂ္ဂလိက Mix Economy ပုံစံကျင့်သုံးရန်ဖြစ်ကြောင်း၊ ဝိစူရသခင် ချစ်မောင်၊ ဦးထွန်းမြင့်(လင်းခေး)တို့ ဦးဆောင်သော ၁၁ ဦးမှာ နိုင်ငံရေးစနစ်အနေဖြင့် ဆိုရှယ်လစ်ဒီမိုကရေစီလမ်းကြောင်းနှင့် တစ်ပါတီနိုင်ငံရေးစနစ်၊ စီးပွားရေးအနေဖြင့် စီမံကိန်းစီးပွားရေးစနစ်၊ အုပ်ချုပ်ရေးစနစ်အနေဖြင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ဆိုသည့် လမ်းကြောင်းကို အကြံပြုခဲ့ကြောင်း၊ ဦးကျော်ငြိမ်း ဦးဆောင်သည့် ၃ ဦးအဖွဲ့မှာ နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စုပုံစံ မဖွဲ့စည်းဘဲ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံများကဲ့သို့ တစ်ပြည်ထောင် စနစ်ကျင့်သုံးပြီး ပြည်နယ်များခွဲထွက်ခွင့်ကို လုံးဝလက်မခံရန်အကြံပြုခဲ့ကြောင်း၊ ဝန်ကြီးချုပ်ဟောင်း ဦးနုကတော့ သူ့လက်ထဲ အာဏာပြန်အပ်ရန် တောင်းဆိုခဲ့ကြောင်း၊ အမျိုးမျိုးကွဲပြားသော အယူအဆများကို တွေ့ရပါလိမ့်မည်ဖြစ်ကြောင်း၊ ဤနေရာတွင် ပြောလိုသည်မှာ အမျိုးသားရင်ကြားစေ့ရေးဆိုသည့် အယူအဆနှင့် လုပ်ဆောင်ချက်မှာ ယခုမှရှိခြင်းမဟုတ်ကြောင်း၊ ရှိခဲ့၊ လုပ်ခဲ့ကြကြောင်း၊ ဘာကြောင့်အောင်မြင်မှုမရသလဲဆိုသည်ကို သမိုင်းမှာ ရှာဖတ်ကြည့်ကြပါဟု ပြောလိုကြောင်း ပြောကြားသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် တပ်မတော်အစိုးရလက်ထက်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့၊ အဖွဲ့ငယ် ၂၃ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပါတီစုံဒီမိုကရေစီခေတ်၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လမ်းကြောင်းကို ဖော်ဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှာ NCA လက်မှတ်ရေးထိုးသည့် EAO အဖွဲ့ ၈ ဖွဲ့၊ ၂၀၁၈ ခုနှစ်မှာ လက်မှတ်ရေးထိုးသည့်အဖွဲ့ ၂ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြောင်း၊ ဤနေရာတွင် ပြောလိုသည်မှာ ထို NCA လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့အများစုမှာ တပ်မတော်အစိုးရလက်ထက်ကတည်းက ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းစသည့် ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြသည့် အဖွဲ့များဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် (NCA လက်မှတ်ရေးထိုးခါနီး)တွင် EAO များကို “ NCA စာချုပ်မှာ အလျင်စလို လက်မှတ်မထိုးကြဖို့ ” ဆိုသည့် သတင်းစကား ပျံ့လွင့်လာမှုကိုလည်း သတိရစေလိုကြောင်း ပြောကြားသည်။

**ထပ်မံတိုးမြှင့်ရပ်စဲပေးခဲ့**

တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး NCA လမ်းကြောင်းမှာ လျှောက်လှမ်းနိုင်ဖို့ အမြဲတိုက်တွန်းနိုးဆော်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလိုချင်ရင် တပ်မတော်က တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးရန်ဆိုသည့် သဘောထား၊ အယူအဆများကို ပြောလာခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ယနေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း (၂၀)ကြိမ် ပြုလုပ်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့ကြောင်း၊ ယခုလည်း (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများကို နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ အထိ ၅ လကြာ ထပ်မံတိုးမြှင့်ရပ်စဲပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို အာမခံထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ တစ်ဒေသနှင့်တစ်ဒေသ၊ လူမျိုးစုတစ်ခုနှင့်တစ်ခု မတူညီသည့် အခွင့်အရေးများမဟုတ်ဘဲ တူညီသောစနစ်ဖြင့် ဖော်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**နှစ်ဖက်သဘောတူညီချက်များရရှိရေး**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ရာတွင် (၁) သက်ဆိုင်ရာတိုင်းရင်းသားများ၊ သက်ဆိုင်သောသူများကိုယ်တိုင်ပါဝင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုးဆောင်နိုင်ရေးနှင့် မြှင့်တင်ရေးဆောင်ရွက်ခြင်း (၂) တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီနှင့် EAO များ တိုက်ရိုက်ဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မြှင့်တင်ရေးအဖွဲ့များနှင့်ဆွေးနွေးခြင်း (၃) NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်း၊ NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို NCA လက်မှတ်ရေးထိုးနိုင်အောင် ရည်ရွယ်လျက် ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းလာစေရေး၊ နှစ်ဖက်သဘောတူညီချက်များ ရရှိရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနှစ်ချုပ်အားဖြင့်လာမည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့တွင် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေးကို အချက်(၃)ချက်ဖြင့် ဖော်ဆောင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခင်အပတ် ပြင်ဦးလွင်၊ မြစ်ကြီးနား၊ လားရှိုးခရီးစဉ်များတွင် “ **မိမိတို့အနေနဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ အချက် ၂ ချက်ကို အဓိကထား၍ အလေးထားဆောင်ရွက်လျက်ရှိပြီး ပထမအချက်အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိကြောင်း၊ ဒုတိယအချက်အနေနဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါများရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း**” ကို ပြောကြားခဲ့ကြောင်း၊ ထို ၂ ချက်ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုနှစ်ခုသည် အပြန်အလှန်ဆက်စပ်လျက်ရှိကြောင်း ပြောကြားသည်။

> **(၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများကို နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့်ရပ်စဲပေးခဲ့**

**အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေး**

တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်သည့်အချိန် မိမိတို့နိုင်ငံ၌ အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးသာဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများ မြှင့်တင်နိုင်ရန်အတွက် လုပ်ဆောင်မယ့်အချက်များကို မိမိရှေ့ပိုင်း၌ ပြောခဲ့ပြီးဖြစ်ကြောင်း၊ နောက်တစ်ခုမှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးဟုဆိုရာတွင် တိုင်းပြည်သာယာဝပြောရေးအတွက်လိုအပ်သည့် အခြေခံစီးပွားရေးကိုသာဦးတည်ပြောဆိုမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေခံစီးပွားရေးသည် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် စီးပွားရေးသာဖြစ်ကြောင်း၊ တိုင်းပြည်၌ရှိသည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသူများဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရေး၊ အခြေခံစီးပွားရေးခိုင်မာစေရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းကျကျ တိုးတက်အောင်လုပ်ဆောင်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုအတွက် ဆောင်ရွက်မှုများအနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးဖြစ်စေရန် လက်တွေ့လုပ်ဆောင်မည့်သူများ၊ လက်တွေ့လုပ်ဆောင်မယ့်သူများအပေါ် ဦးဆောင်သူများကို နည်းစနစ်ကောင်းများ၊ ထိရောက်သောလုပ်ဆောင်မှုများ ဖြစ်လာစေရန်အတွက် အရင်းအမြစ်များ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံအဝှမ်း၌ စိုက်ပျိုးမွေးမြူရေးဆိုင်ရာသိပ္ပံများ၊ ကျောင်းများနှင့် ကောလိပ်များ ဖွင့်လှစ်ပေးနိုင်ရန် ဆောင်ရွက်နေကြောင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် လိုအပ်ချက်များ၊ ပေါင်းစပ်မှုများကို ဖြည့်ဆည်းနိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအပြင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုပါ ထပ်မံဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမစနစ်ဆိုရာတွင် ယခင်ကကျင့်သုံးခဲ့သည့် စီမံကိန်းစီးပွားရေးစနစ်၊ အစိုးရက ဦးဆောင်ပြုလုပ်မည့် စနစ်မျိုးမဟုတ်ဘဲ အားလုံးပါဝင်သည့် သမဝါယမစနစ်၊ ပြည်သူလူထုကိုယ်တိုင်ပါဝင်ပြီး ပြည်သူလူထုကိုယ်တိုင် အစုအဖွဲ့အလိုက် ဖွဲ့စည်းသည့် လူထုအခြေခံသမဝါယမစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရန်အတွက်လည်း အဓိကပါဝင်သူများဖြစ်သည့် နိုင်ငံရေးပါတီများ စည်းစနစ်တကျရှိစေရေး၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာ သယ်ပိုးနိုင်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်းပေးသည့်အပြင် လုပ်ငန်းဆောင်တာများကိုလည်း စစ်ဆေးပေးမှုများ ဆောင်ရွက်နေကြောင်း၊ အသေးစိတ်ကို ရွေးကောက်ပွဲကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူက ပြောမည်ဖြစ်ကြောင်း ပြောကြားသည်။

**သွေးထိုးလှုံ့ဆော်စေခိုင်း**


နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စများကို ဆက်ပြောမည်ဖြစ်ကြောင်း၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့က စက်တင်ဘာလ ၇ ရက်နေ့က အကြမ်းဖက်လှုံ့ဆော်ချက် လှုံ့ဆော်အပြီးတွင် မြို့အချို့နှင့် ဒေသအချို့တို့မှာ မိုင်းထောင်၊ မိုင်းခွဲမှုများ၊ ဗုံးနှင့်ပစ်ခတ်မှုများ၊ ဒလန်ဟုစွပ်စွဲပြီး အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်မှုများ ပိုမိုများပြားလာခဲ့ကြောင်း၊ ဥပမာအနေဖြင့် ဩဂုတ်လ ဒုတိယအပတ်လောက်ကစပြီး တစ်နိုင်ငံလုံးမှာ ဗုံးခွဲတိုက်ခိုက်မှု လျော့နည်းလာပြီး ဩဂုတ်လ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့များတွင် ၁ ကြိမ်စီရှိခဲ့ကြောင်း၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ၁ ကြိမ်၊ ၅ ရက်နေ့တွင် ၃ ကြိမ်ရှိခဲ့ကြောင်း၊ စက်တင်ဘာလ ၇ ရက်နေ့၌ အများဆုံးဖြစ်ပြီး ၁၅ ကြိမ်ရှိခဲ့ကြောင်း၊ စက်တင်ဘာလ ၁၄ ရက်နေ့အထိ တစ်နေ့ ပျမ်းမျှ ၁၀ ကြိမ်ခန့်ရှိခဲ့ပြီး နောက်ပိုင်းရက်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးစည်းစနစ်ကျနမှုနှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုများကြောင့် ပျမ်းမျှ ၇ ကြိမ်ခန့်အထိ လျော့နည်းလာကြောင်း၊ ဥပမာ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ၂ ကြိမ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ၄ ကြိမ်ရှိခဲ့ကြောင်း၊ ဗုံးထောင်၊ ဗုံးခွဲသည့်လုပ်ငန်းများ လုပ်ဆောင်သည့်အချိန် အများပြည်သူအသုံးပြုသောလမ်းများ၊ ရုံးများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးသည့်နေရာများနှင့် ဆက်သွယ်ရေးတာဝါတိုင်များကို အဓိကပစ်မှတ်ထားဆောင်ရွက်လာသည်ကို တွေ့ရကြောင်း၊ အသက်အရွယ် ငယ်ရွယ်သေးသော ကလေးငယ်များကိုပါ ရာဇဝတ်မှုကြီးတွေ ကျူးလွန်အောင် သွေးထိုးလှုံ့ဆော်စေခိုင်း ဆောင်ရွက်ခဲ့မှုများ တွေ့ရကြောင်း ပြောကြားသည်။

**အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်စေခဲ့**

ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကိုဗစ်-၁၉ ရောဂါဆေးထိုးနှံရန် စုရပ်နေရာများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့် PDF အကြမ်းဖက်အဖွဲ့ထဲက တစ်ဖွဲ့ဖြစ်သည့် F.F.F (Freedom Fighter Force) အဖွဲ့က အရွယ်မရောက်သေးသူ ကလေးငယ်များသည် အနည်းဆုံး လူ ၃ ဦးကို သတ်ဖြတ်ခဲ့ပြီး မူးယစ်ဆေးသုံးစွဲခဲ့ကြောင်း၊ ၎င်းတို့ကို Online ပေါ်ကနေ မြှောက်ပင့်ပေးပြီး အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်စေခဲ့ကြောင်း၊ ၎င်းတို့အနေနှင့် ၎င်းတို့သတ်ခဲ့သည့်သူများသည် ၎င်းတို့စွပ်စွဲနေသည့် ဒလန်ဟုတ်/ မဟုတ်ဆိုသည်ကိုပင်မသိကြကြောင်း၊ ၎င်းတို့ကိုစည်းရုံးစဉ်ကလည်း ဆေးသင်တန်းတက်ရမည်ဟု စည်းရုံးခဲ့ကြောင်း၊ NUG က အကြမ်းဖက်သမား ဒေါက်တာဇော်ဝေစိုး၏ စကားများအတိုင်း ဆေးကုသရေးအဖွဲ့များဖြစ်ကြောင်း၊ လက်တွေ့တွင် လူသတ်သည့်အလုပ်ကိုလုပ်နေကြောင်း၊ အရွယ်မရောက်သေးသည့် ကလေးငယ်များ ပြစ်မှုမည်ကဲ့သို့ ကျူးလွန်ဆောင်ရွက်ခဲ့သည်ဆိုသည်ကို ၎င်းတို့၏ပြောဆိုချက်များကို နားထောင်ကြည့်စေလိုကြောင်း၊ ၎င်းတို့၏ မျက်နှာအမူအရာများကိုကြည့်ပြီး နားထောင်ကြည့်လျှင် အခြေအနေကို သဘောပေါက်နိုင်မည်ဖြစ်ကြောင်း၊ ပထမဦးဆုံး အသက်(၁၄)နှစ်သာရှိသေးသည့် ကြယ်စင်နှင်းဝေ Video ဖိုင်ပြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး Video Clip အား မီဒီယာများကို ပြသသည်။

*စာမျက်နှာ ၁၈ သို့*

# စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ လူနာတင်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်




စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ လူနာတင်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

**နေပြည်တော် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ လူနာတင်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က မိုင်းထောင် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၉ ရက် ည ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ အနောက်သပြေကုန်းလမ်းခွဲထိပ် မိုင်တိုင်အမှတ် ၃၇ မိုင် အနီး၌ PDF အကြမ်းဖက်အဖွဲ့များက မော်တော်ယာဉ် တစ်စီးကို မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ဦးအောင်မင်းနိုင် (၄၉နှစ်) (ဘ) ဦးဘိုကျော် မောင်းနှင်ပြီး သိန်းဝေဖြိုး(၂၅နှစ်) (ဘ)ဦးဝင်းကြိုင် လိုက်ပါလာသည့် ဖြူဟ္မစိုရ်လူမှုကူညီရေးအသင်းပိုင် HSE/2219 Super Custom မော်တော်ယာဉ်သည် ချင်းပြည်နယ် ဟားခါးမြို့နေ လူနာဖြစ်သူ ဦးဂျူလျှံရွှေ(စိစစ်ဆဲ)အား တင်ဆောင်ကာ နေပြည်တော်သို့ ထွက်ခွာလာစဉ် အခင်းဖြစ်နေရာအရောက် လမ်း၏ ယာဘက်ခြမ်းမှ မိုင်းပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ယာဉ်၏ အရှေ့လေကာမှန်၊ ယာဘက်ဘေးမှန်၊ ယာဉ်၏အရှေ့ခြမ်း မီးခွက် တစ်လုံးတို့ ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် လူနာတင်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှာင်မြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်းကျော်နှင့် ခဲယမ်းများဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

**ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်နှင့် ရှာင်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၈ ရက် နံနက် ၆ နာရီတွင် တာချီလိတ်မြို့နယ် ဇေလေလန် ပူးပေါင်းစစ်ဆေးရေးစခန်း၌ ဝမ်ပုံမှ တာချီလိတ်ဘက်သို့ အိုက်ခမ်း(ခ)အိုက်ကျင်(၃၅နှစ်) မောင်းနှင်လာသည့် Swift မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ နံနက် ၈ နာရီတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ပါဝုန်းကျေးရွာအတွင်း ပုန်းခိုနေသည့် အိုက်ခမ်း (ခ) အိုက်ကျင်ကို မော်တော်ယာဉ်နှင့်အတူ တွေ့ရှိရပြီး ၎င်းသယ်ဆောင်လာသည့် ကျည်မျိုးစုံ ၁၅၀၀၀ တောင့် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ နံနက် ၁၁ နာရီတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ဝမ်လုံနယ်မြေ အိမ်အမှတ် (၇၇) ရှိ အိုက်စိုင်း(ခ) စိုင်းပေါင်း (၃၀နှစ်) ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းစိုင်း(၃၀နှစ်)၊ အားဝေ(၂၁နှစ်) တို့အား ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၁၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၉၅၀၀ ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၉ ရက် ည ၈ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာင်မြို့နယ် ကျောက်ဂူပြင်ကျေးရွာအနီးတွင် မိုင်းရှူးမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီး ထောက်ကြံ့မြို့နယ်သို့ အောင်လင်းကျော်(၂၇နှစ်) မောင်းနှင်လာသည့် SINO TRUK မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ အဆိုပါယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၇၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၅ သိန်း သိမ်းဆည်းရမိ ခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



အောင်လင်းကျော်ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

ထို့နောက် ယခုပြသသူမှာ မိမိတို့၏ သမီးအရွယ်ရှိသေးကြောင်း၊ ဤကလေးကို ထိုအခြေအနေရောက်အောင် မည်သူများက မြှောက်ပင့်ပေးလိုက်တာလဲ၊ ပြည်ပ၌ ထွက်ပြေးနေကြသည့် NUG အမည်ခံ အကြမ်းဖက်ခေါင်းဆောင်များ တာဝန်ယူရမည်၊ တာဝန်ခံရမည်၊ ပေးဆပ်ရလိမ့်မည်ဟု ပြောလိုကြောင်း၊ ယင်းအဖွဲ့ထဲမှ ဖမ်းဆီးရမိသည့် ကလေးများ၏ နောက်ထပ်ထွက်ဆိုချက်များကို ထိုအဖွဲ့ထဲက သုံးယောက်ကို ပြသခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဟိန်းထက်အောင်နှင့် သန့်စင်တို့၏ ထွက်ဆိုချက် Video Clip ကို ပြသသည်။

အရွယ်မရောက်သေးသည့်ကလေးများ များနေကြောင်း၊ ၎င်းကလေးများ၏ Video ဖိုင်ကို မိမိပြသခြင်းသည် ထိုကလေးများနှင့် ဆက်စပ်နေသည့် အသိုင်း အဝိုင်းကို အပုပ်ချလိုသည့် ရည်ရွယ်ချက်၊ အပြစ်တင်လိုသည့် ရည်ရွယ်ချက်ဖြင့် ပြသလိုခြင်း မဟုတ်ကြောင်း၊ ဖြစ်နေသည့်အဖြစ်အပျက်မှန်ကို မီဒီယာများ၊ တစ်နိုင်ငံလုံးမှာရှိသည့် မိဘပြည်သူများအားလုံးလည်း သိရှိရန် ပြသရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြသရခြင်းကိုလည်း စိတ်မကောင်းပါကြောင်း၊ ၎င်းတို့သတ်ခဲ့သည့်လူများသည် Online ပေါ်မှ မြှောက်ပင့်ပေးပြီး ဒလန်ဆို၍သာ သတ်ရခြင်းဖြစ်ပြီး ဒလန် ဟုတ်/မဟုတ် ၎င်းတို့ကိုယ်တိုင်လည်း မသိကြောင်း၊ ဆေးခြောက်သုံးစွဲနေရုံမကဘဲ ဆေးခြောက်နှင့်ပတ်သက်လာရင် တစ်ယောက်နှင့်တစ်ယောက် ဝယ်ပြီးမျှဝေသည့် အဆင့်ရောက်နေသည်ကိုလည်း တွေ့ရကြောင်း၊ ယခုကဲ့သို့ သွေးဆူလွယ်သော၊ တက်ကြွသည့်ကလေးများကို နိုင်ငံရေးကိုယ့်လိုဘ ပြည့်စေရန်အတွက် အတ္တစိတ် တစ်ခုတည်းနှင့် လမ်းမှားရောက်အောင် NUG အကြမ်းဖက်များ ၊ အစွန်းရောက် NLD များက အသုံးချပြီး တွန်းပို့နေခြင်းဖြစ်ကြောင်း၊ အချို့နယ်များ၌ ပိုဆိုးကြောင်း၊ အကြမ်းဖက်သင်တန်း မဖြစ်မနေ တက်ခိုင်းကြောင်း၊ မတက်ပါက ဒလန်ဟု စွပ်စွဲကြောင်း၊ ထိုကဲ့သို့ အောက်တန်းကျသည့်လုပ်ရပ်များက အောင်မြင်သည်ဟု ယုံကြည်လျှင် ထိုကလေးများကို မြှောက်ပင့်သွေးထိုးရန် မလိုကြောင်း၊ ကလေးများကို အသုံးမချဘဲ ခင်ဗျားတို့ကိုယ်တိုင် ထွက်လာခဲ့စမ်းပါဟု ပြောလိုကြောင်း၊ မိဘပြည်သူများ အနေနှင့်လည်း ယင်းသို့ မူမမှန်သူများ၏ အသုံးချခံမဖြစ်ကြရန် မေတ္တာရပ်ခံပြောကြားလိုကြောင်း၊ ထို့ကြောင့် ယင်းတို့ကို အချိန်မီမတားနိုင်ပါက ဗကပခေတ် ပဲခူးရိုးမဖြူတ်၊ ထုတ်၊ သတ် လမ်းစဉ်တွင် ဗကပဗဟိုကော်မတီဝင် ရဲဘော်ငွေးကို သူ့သား တပ်နီလူငယ် ဖိုးထူးက သတ်ခဲ့သည့်ဇာတ်လမ်းများ၊ မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အထင်အရှားပုဂ္ဂိုလ်ဖြစ်ခဲ့သည့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်ကို တပ်နီအမျိုးသမီး မစန်းဝင်းက လည်မျိုကို ခြေထောက်ဖြင့် နင်းသတ်သည့် ဇာတ်လမ်းမျိုး ပြန်ပေါ်လာပါလိမ့်ဦးမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ကြားနေကျ ဇာတ်လမ်းဖြစ်သည့် ငယ်ငယ်ကတည်းက လမ်းမှားရောက်နေသည့် ခိုးနေသည်ကိုမဆုံးမဘဲ၊ သူခိုးဓားပြမှုနှင့်ဖမ်းမိပြီး အသတ်ခံရဆဲဆဲမှာမှ အမေကိုမှာလိုသည်ဟုဆိုကာ အနားနားလာခဲ့ပါဦးဆိုပြီး အမေအနားကပ်သည့်အချိန် နားရွက်ကို ကိုက်ဖြတ်လိုက်သော ဇာတ်လမ်းများ၊ အမေငယ်ငယ်က မဆုံးမခဲ့၍ လူဆိုးဓားပြဖြစ်ပြီဆိုသည့် ဇာတ်လမ်းများပေါ်လာမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအဖြစ် ကလေးများဘဝမနစ်မွန်းစေရေး အားလုံးကဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံလိုကြောင်း၊ အကြမ်းဖက်သမားများအဖြစ် ကလေးများဘဝမနစ်မွန်းစေရေး အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ တက်ရောက်လာသည့် မီဒီယာများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ လှုံ့ဆော်ပေးစေလိုကြောင်း၊ ပြည်သူလူထုကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါဟု ပြောလိုကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၀-၂၀၂၂ သောကြာနေ့

### MRTV HD

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ခေမာ့ချုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
- **၀၉:၁၅** မျက်မှောက်ရေးရာအပြာပြာ
- **၀၉:၄၅** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** မြန်မာနိုင်ငံရဲ့တစ်ပွဲတိုက်ပြုတေးသီချင်း
- **၁၀:၄၀** လူမှုစီးပွားမြင်ကွင်းများ
- **၁၃:၁၅** အေးမြမေတ္တာ အေးငြိမ်းချမ်းသာ ဂိလာန ဘိုးဘွားရိပ်သာ
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'အင်္ဂလိပ်စာဘာသာရပ်'**
- **၁၆:၁၅** လူငယ်ပန်းဥယျာဉ်အစီအစဉ်
- **၁၇:၀၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ စက်တင်ဘာလ)(ပထမပိုင်း)
- **၁၇:၅၀** 'အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့' အစီအစဉ်
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း'** (အပိုင်း-၁၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** **'တေးဖွဲ့ညချမ်း'** ပျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- **၂၂:၃၀** မြန်မာနိုင်ငံရဲ့တစ်ပွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း **'မိနစ် ၁၂၀'**

### mitv

- **07:01** News
- **07:27** Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
- **07:33** Buddha - Dhita (Buddhist Nun)
- **08:01** Dances of Myanmar: Rvwang Traditional Dance
- **08:06** Don Min Artist
- **08:26** Mahavihara: From Forest Monastery to Dhamma-Vinnya University (Part-1)
- **09:01** Ecstasy of Life
- **09:07** An Ode To Love
- **09:09** Myanmar Social & Charitable Association (Ep-2) (Jivitadana Hospital)
- **09:35** Myanmar Puppet
- **09:41** The Man and The Elephant (Part-I)
- **10:01** Discovering Tribes: Yin Net Tribe - Their Life and Customs

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ပျားမွေးမြူရေး

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ယင်းတလဲတိုင်းရင်းသားနှင့်သမိုင်းဝင် စောလုံကျေးရွာ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရိုးရာအဆင်များဖြင့်ပေါ်လွင်လှပနေသော ဖိနပ်လေးများ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီကျွန်း (အပိုင်း-၄)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
လုံယူးပွဲတော်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
သခွားသီးနှင့်ပဲပုပ်သုပ်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
အနာဂတ်ရဲ့အိပ်မက်ခရီးရှည်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာဝက်ပါလိုက်ဂူ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ရှင်သန်ကြီးစားမျော်လင့်ခြင်းများ

### MRTV Parliament

- **၀၉:၀၀** အဖွင့်၊ အလဲ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
- **၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'တစ်လင်နှင့်တစ်မယား'**
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

### MRTV Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ (၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၂)တွင် စီရော်နယ်ဒို၏ နောက်ကျဂိုးကြောင့် ဗီလာရီးရဲကို အနိုင်ရရှိခဲ့သည့် မန်ယူ

ယူအီးအက်ဖ် အေချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂)အဖြစ် မန်ယူအသင်းနှင့် ဗီလာရီးရဲအသင်းတို့ ပွဲစဉ်ကို စက်တင်ဘာ ၃၀ ရက် နံနက်က အိုးထရက်ဖို့ဒ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းသည် အုပ်စု (F) တွင် နှစ်ပွဲကစား ရမှတ်သုံးမှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ဗီလာရီးရဲအသင်းက နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် တစ်မှတ်ဖြင့် အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်နေသည်။

ယနေ့ပွဲစဉ်တွင် မန်ယူအသင်းသည် ပြိုင်ဘက် ဗီလာရီးရဲအသင်းအပေါ် ထိန်းချုပ်ကစားရန် ရုန်းကန်ခဲ့ရသော်လည်း ရမှတ်လိုအပ်ချက် ရှိနေသည့်အတွက် အနိုင်ရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ ဗီလာရီးရဲအသင်းအနေဖြင့် မန်ယူအသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေးကောင်းများကို အသုံးမချနိုင်ခဲ့သည့်အတွက် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။ ထို့အပြင် မန်ယူအသင်းခံစစ်နှင့် ဂိုးသမား ဒီဂီယာတို့ အကောင်းဆုံး ဟန့်တားကာကွယ်နိုင်သည့်အတွက်လည်း ဗီလာရီးရဲတို့ မန်ယူကို အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ပထမပိုင်းတွင် မန်ယူအသင်းအသင်းလိုက် စွမ်းဆောင်ရည် ကျဆင်းနေခဲ့ပြီး ဗီလာရီးရဲအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ထို့အပြင် ခံစစ်တွင် ပွဲထွက်လာသည့် ဒါးလော့၊ ဗာရာနီ၊ တဲလပ်စ်တို့ အမှားများနေခဲ့သည်ကို တွေ့ရသည်။ သို့သော်လည်း ဗီလာရီးရဲအသင်းမှ ဒန်ဂျုန်မာ၊ အယ်ကာဆာနှင့် ပီနိုတို့ ဦးဆောင်ပွဲထွက်လာသည့် တိုက်စစ်က လုပ်အားနှုန်းကျဆင်းနေပြီး ရရှိလာသည့် အခွင့်အရေးများကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

ပွဲချိန် ၅၃ မိနစ်တွင် ဗီလာရီးရဲအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ဒန်ဂျုန်မာ၏ ဖန်တီးမှုမှတစ်ဆင့် အယ်ကာဆာက သွင်းယူပေးခဲ့သည်။ မန်ယူအသင်းက ပွဲချိန် မိနစ် ၆၀ တွင် ဖာနန်ဒက်စ်၏ ဖန်တီးမှုမှ တဲလပ်စ်က ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။ တဲလပ်စ်၏ အဆိုပါသွင်းဂိုးသည် မန်ယူအသင်းအတွက် ၎င်း၏ ပထမဆုံးသွင်းဂိုးကို သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် မန်ယူအသင်းရော ဗီလာရီးရဲအသင်းပါ ထိုးဖောက်တိုက်စစ်မှုများကို မြင်တွေ့ခဲ့ရသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ချေ။ သို့သော်လည်း နာကျင်အချိန်ပို အရောက်တွင် မန်ယူအသင်းအတွက် အနိုင်ရရှိစေမည့်ဂိုးကို လူစားဝင်ကစားသမား လင်ဂတ်၏ ဖန်တီးမှုမှတစ်ဆင့် စီရော်နယ်ဒိုက သွင်းယူပေးနိုင်ခဲ့၍ မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ဝုဖ်ဘတ်နှင့် ဆီဗီလာအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး အတ္တလန္တာအသင်းက ယန်းဘွိုင်းစ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဖင်းနစ်က မယ်မိုက လေးဂိုး- ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က ဒိုင်နမိုကိဗ်ကို ငါးဂိုး-ဂိုးမရှိ၊ ဘင်ဖီကာက ဘာစီလိုနာကို သုံးဂိုး-ဂိုးမရှိ၊ ဆောလ်ဘတ်က လိုင်လီကို နှစ်ဂိုး-တစ်ဂိုး၊ ဂျူဗင်တပ်စ်က ချယ်ဆီးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၉ - ၂၀၂၂

**ရွှေ**

ရန်ကုန် ၁၆ ပဲရည် တစ်ကျပ်သား ကျပ် ၂၀၂၀၀၀၀
(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၀၀/၁၄၅၀ ကျပ် | ၁၄၇၀/၁၄၉၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၀၅/၁၄၆၀ ကျပ် | ၁၄၈၅/၁၆၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၀၅/၁၄၅၅ ကျပ် | ၁၅၀၀/၁၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၄၅/၁၄၉၅ ကျပ် | ၁၅၈၀/၁၇၅၂ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၉၂၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၆ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၁၅ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၆ . ၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၇၂၁ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၀ . ၁၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၈ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၉၅၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၂၆၃၁ | ၂၃၁၅၂၈၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၄၆ | ၁၄၇၂၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅ | ၄၀၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၂၀ | ၃၂၄၀၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၇၄ | ၂၁၆၅၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၆ | ၃၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သက်ကြီးရွယ်အိုများအတွက် လိုအပ်နေသော ဒစ်ဂျစ်တယ်အသုံးပြုနိုင်ခွင့်

မောင်သောင်းဝင်း(တမန်ဟောင်း)

လူသားတိုင်းကြုံတွေ့ရမည့်အရာသည် အိုနာသေဘေးဖြစ်သည်။ ထို့ကြောင့် လူသားတိုင်း ဆုတောင်းလေ့ရှိကြသည်မှာ အိုဇာတာကောင်းရေးပင်ဖြစ်သည်။ လူတစ်ဦးသည် ဘဝတစ်လျှောက်လုံး မည်မျှပင် ကြွယ်ဝချမ်းသာနေစေကာမူ အိုဇာတာညံ့နေမည်ဆိုလျှင်ဘဝနေဝင်ချိန်သည် ပူလောင်နေမည်ဖြစ်သည်။ တချို့သောသူများသည် ငယ်စဉ်ကမပြည့်စုံသော်လည်းအိုဇာတာကောင်းသဖြင့် ဘဝနေဝင်ချိန်သည် အေးချမ်းလှပါသည်။ တရားသဘောအရကြည့်မည်ဆိုလျှင် ကံ၊ ကံ၏ အကျိုးသာဖြစ်သည်။ လူတစ်ဦးသည် အိုဇာတာကောင်းသည် ဖြစ်စေ၊ ညံ့သည်ဖြစ်စေ သား၊ သမီးများနှင့် မျိုးဆက်သစ်လူငယ်များသည် အသက်အရွယ်အိုမင်းနေပြီဖြစ်သော မိဘဘိုးဘွားများကို ပြုစုစောင့်ရှောက်ပေးရန် တာဝန်ရှိပေသည်။

> ❑ ၂၀၂၁ ခုနှစ်အတွက်ဆောင်ပုဒ်သည် "Digital Equity for All Ages" **"သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ သက်ရွယ်မရွေးပါဝင်ကြ" ဖြစ်သည်။ ဒစ်ဂျစ်တယ် ကဏ္ဍသာတူ ညီမျှရှိစေရန် လူကြီး၊ လူလတ်၊ လူငယ် အားလုံးပါဝင်စေရန် နိုးဆော်ထားခြင်းပင် ဖြစ်သည်။ စတုတ္ထစက်မှုတော်လှန်ရေးခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒစ်ဂျစ်တယ်ကဏ္ဍမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်း ဒစ်ဂျစ်တယ်အသုံးပြုနိုင်ခွင့် သာတူညီမျှရရှိမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ဟန်ချက်ညီမည်ဖြစ်သည်**

အိုမင်းမစွမ်းသည့်မိဘများ၊အဘိုးအဘွားများကို တစ်လှည့်ပြုစုစောင့်ရှောက်ခြင်းစာရေးသူတို့လို သား၊ သမီးများ၏ တာဝန်ပင်ဖြစ်သည်။ ထိုသို့ သက်ကြီး မိဘ၊ ဘိုးဘွားများကို စောင့်ရှောက်ရန် ပျက်ကွက်သူများသည် လူ့ကျင့်ဝတ်ဖောက်ဖျက်ခြင်းပင်ဖြစ်သည်။ မိဘများအပေါ် တာဝန်ပျက်ကွက်ခဲ့သူများသည် မိမိအသက်ကြီးလာလျှင်လည်း သား၊ သမီးများက လျစ်လျူရှုခြင်းခံရပေမည်။ ဆိုရလျှင် သား၊ သမီးများအနေဖြင့် သက်ကြီးရွယ်အို မိဘ၊ ဘိုးဘွားများကို ညာတာစောင့်ရှောက်သွားရန် တာဝန်ရှိပါသည်။သက်ကြီးရွယ်အိုများကို ကြဉ်ဖယ်ထားခြင်းသည် ရက်စက်လွန်းရာ ကျလွန်းလှပေသည်။ ထိုသို့လျစ်လျူရှုထားမည်ဆိုလျှင် ကိုယ်တိုင်အသက်အရွယ်ရလာချိန်တွင် ဝဋ်လည်တတ်ပါသည်။

### အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

ထို့ကြောင့် သက်ကြီး မိဘ၊ ဘိုးဘွားများအပေါ် သတိရ အောက်မေ့စေသောအလို့ငှာ နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် (၄၅/၁၀၆) ဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နှစ်စဉ်ထိုနေ့ရောက်ရှိလျှင် ကမ္ဘာတစ်ဝန်းရှိ သက်ကြီးဘိုးဘွားများအတွက် အမှတ်တရအခမ်းအနားများ ကျင်းပလေ့ရှိကြသည်။ ထိုနေ့၏ ရည်ရွယ်ချက်သည် ဇရာထောင်းလာသော သက်ကြီးရွယ်အိုများကို ပစ်ပယ်မထားရန်နှင့် နှိပ်စက်ညှဉ်းပန်းသည့် အပြုအမူများအား အကာအကွယ်ပေးရန်ဖြစ်သည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများကို ကြဉ်ဖယ်ထားခြင်းမျိုး မပြုလုပ်ဘဲ မိသားစုနှင့် လူမှုအသိုက်အဝန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် ပေးသွားရန်ပင်ဖြစ်သည်။

၂၀၂၁ ခုနှစ်အတွက်ဆောင်ပုဒ်သည် "Digital Equity for All Ages" "သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ သက်ရွယ်မရွေးပါဝင်ကြ" ဖြစ်သည်။ ဒစ်ဂျစ်တယ် ကဏ္ဍသာတူ ညီမျှရှိစေရန် လူကြီး၊ လူလတ်၊ လူငယ် အားလုံးပါဝင်စေရန် နိုးဆော်ထားခြင်းပင်ဖြစ်သည်။ စတုတ္ထစက်မှုတော်လှန်ရေးခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒစ်ဂျစ်တယ်ကဏ္ဍမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်း ဒစ်ဂျစ်တယ်အသုံးပြုနိုင်ခွင့် သာတူညီမျှရရှိမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ဟန်ချက်ညီမည်ဖြစ်သည်။

### သက်ကြီးရွယ်အိုများပြားလာ

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ အသက် ၆၀ ကျော် လူဦးရေ သန်း ၁၀၀၀ ကျော်နေပြီဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်ရောက်လျှင် ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော လူဦးရေ သန်း ၂၀၀၀ သည် အသက် ၆၀ ကျော်အရွယ်များဖြစ်နေမည်ဖြစ်သည်။ ၂၁၀၀ ပြည့်နှစ်တွင် သန်း ၃၀၀၀ ကျော် ရှိလာမည်ဖြစ်သည်။ ဆိုရလျှင် သက်ကြီးရွယ်အို အရေအတွက်သည် လူငယ်အရေအတွက်ထက် ပိုမိုများပြားလာလျက်ရှိသည်။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာကြီးတွင် သက်ကြီးရွယ်အိုပြည်သူ အရေအတွက်သည် တစ်နေ့တခြားမြင့်တက်လာလျက်ရှိသည်။ အာရှဒေသသည် သက်ကြီးရွယ်အို အများဆုံးဒေသပင် ဖြစ်သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားဖို့ လိုအပ်လာပြီဖြစ်သည်။ ပြည့်စုံလုံလောက်သည့် အာမခံများပေးထားမည်ဆိုလျှင် သက်ကြီးရွယ်အိုဘိုးဘွားများသည် လူမှုအသိုက်အဝန်း၏ လုပ်ငန်းဆောင်တာများတွင် ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

အာရှနှင့် ဥရောပဒေသသည် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အို အများဆုံးဒေသများဖြစ်သည်။ ကမ္ဘာပေါ်တွင် သက်ကြီးရွယ်အိုအများဆုံးနိုင်ငံသည် ဂျပန်နိုင်ငံဖြစ်သည်။ တိုင်းပြည်လူဦးရေ၏ ၂၈ ရာခိုင်နှုန်းအထိရှိနေသည်။ ဆိုလိုသည်မှာ ဂျပန်နိုင်ငံတွင် လူ ၄ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုဖြစ်နေသည်။ ထို့နောက် အီတလီ ၂၃ ရာခိုင်နှုန်း၊ ဖင်လန်၊ ပေါ်တူဂီနှင့် ဂရိ ၂၂ ရာခိုင်နှုန်း တို့ဖြစ်ကြသည်။ ၎င်းနိုင်ငံများတွင် မွေးဖွားနှုန်းကျဆင်းလာသောကြောင့် သက်ကြီးရွယ်အိုများပြားလာခြင်းဖြစ်သည်။ သက်ကြီးရွယ်အို အရေအတွက်များပြားလာမှုကြောင့် ဆေးဝါးစောင့်ရှောက်မှုစရိတ်၊ ပင်စင်စရိတ်များ မြင့်တက်လာခြင်းနှင့် လုပ်သားအင်အားကျဆင်းလာခြင်းတို့နှင့် ကြုံတွေ့ရနိုင်ပါသည်။ မည်သို့ပင် ဆိုစေကာမူ သား၊ သမီးများသည် သက်ကြီးရွယ်အို မိဘ၊ ဘိုးဘွားများကို စောင့်ရှောက်ရန် တာဝန်ရှိနေသည် မဟုတ်ပါလား။

### သက်ကြီးရွယ်အိုများကိုညာတာပေးစေလို

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၃ ရပ်ကွက်၊ ပညာတန်ဆောင် ၃ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၂၂၇၊ မြေအကျယ်အဝန်း ပေ ၄၀x ပေ ၆၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်သည် မြို့မြေစာရင်းတွင် ဒေါ်နီနီမာ ၁၂/သဃက(နိုင်)၁၂၈၉၈၁ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက စရန်ငွေကျပ်တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှခိုင်(စဥ်-၂၃၃၈၀)**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၅၀၄၉၃၇၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၆)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁၀၀၀)၊ အကျယ်အဝန်း ပေ ၄၀ x ပေ ၆၀ ရှိ မြေနှင့် ယင်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပိုင်ရှင်ဖြစ်သူ ဒေါ်လှလှချစ် ၁၂/သဃက(နိုင်)၀၂၆၁၂၆ က လက်ရှိပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ဤသတင်းစာကြေညာ သည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဆွေဇင်အိ(LL.B,LL.M)** | **ဦးလင်းဘုန်းမြတ်(LL.B,D.I.P.L,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၈၆၉၇)** | **အထက်တန်းရှေ့နေ(စဥ်-၃၇၈၀၅)** |
| **ဦးအောင်မင်းပိုင်(LL.B)** | **ဒေါ်စန္ဒာရွှေ(LL.B)** |
| **အထက်တန်းရှေ့နေ(စဥ်-၄၅၉၁၈)** | **အထက်တန်းရှေ့နေ(စဥ်-၅၀၂၀၇)** |

**ရုံး-တွန်ကျူးသံ(Law Firm)၊ အမှတ်(၃၀၉)ဘီ၊ အလုံလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၈၁၆၃၀၂၅၊ ၀၉-၉၅၃၆၇၇၀၀၀**

## သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မခင်သီရိစိုး ၈/ပခက(နိုင်)၂၉၁၀၆၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ဖော်ပြပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ပခုက္ကူမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ (၃)လမ်းနေ ဦးစိုးဝင်းနိုင် ၈/ပခက(နိုင်)၀၂၆၁၇၆ နှင့် ဒေါ်သင်းသင်းနု ၈/ပခက(နိုင်)၀၃၁၉၅၆ တို့၏သမီး မခင်သီရိစိုးကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၉ ရက်တွင် ပခုက္ကူမြို့၊ လယ်ယာမြေနှင့် စာရင်းအင်းဦးစီးဌာနတွင် မှတ်ပုံတင်စာချုပ်စာတမ်းအမှတ် (၁၀၃/၂၀၁၆)ဖြင့် မှတ်ပုံတင်စာချုပ်ပြုလုပ်ပြီး ပခုက္ကူမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ မျိုးမြန်မာ ၃ လမ်းနေ အဘွားဖြစ်သူ ဒေါ်သန်း ၈/ပခက(နိုင်)၀၃၄၅၀၆ မှ အမွေစား အမွေခံကိတ္တိမသမီး အဖြစ် မွေးစားစာချုပ်ပြုလုပ်ပြီး တရားဝင်မွေးစားခံခဲ့ရသူဖြစ်ပါသည်။

ထို့ကြောင့် မွေးစားသူဒေါ်သန်း၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့မှာ မွေးစားခြင်းခံရသူ မခင်သီရိစိုးတစ်ဦးတည်းကသာ ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးရရှိပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါသည်။ ဒေါ်သန်းမှာ ၁၆-၉-၂၀၂၁ ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်သန်း၏ ကျန်ရှိခဲ့သော အမွေကျန်ပစ္စည်းများဖြစ်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့မှာ ကိတ္တိမသမီးဖြစ်သူ မခင်သီရိစိုးတစ်ဦးတည်းသာ လက်ရောက် ရယူပိုင်ဆိုင်ခဲ့သူဖြစ်၍ စီမံခန့်ခွဲပိုင်ခွင့်အရပ်ရပ်သည် မခင်သီရိစိုး တစ်ဦးတည်းသာ ရရှိသူဖြစ်ပါသည်။ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ဒေါ်သန်း၏ ကျန်ရှိသောပစ္စည်းအရပ်ရပ်တို့ကို မခင်သီရိစိုး၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ စီမံခန့်ခွဲပိုင်ခွင့်မရှိပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစန်းညွှန့်ဝင်း(ခ)ဦးဆန်းညွှန့်ဝင်း(LL.B)** | **ဦးအုန်းကြိုင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၄၉၂၆)** |
| **(စဥ်-၅၁၆၉၆၊ ၃၀-၉-၂၀၁၉)** | **အမှတ်(၉)ရပ်ကွက်၊ ဆုတောင်းပြည့်** |
| **ရွှေတန်တစ်ကျေးရွာ၊ ကွန်းရွာအုပ်စု** | **လမ်း၊ ပခုက္ကူမြို့၊** |
| **ပခုက္ကူမြို့နယ်၊ ဖုန်း-၀၉-၂၅၇၀၂၈၉၆၅** | **ဖုန်း-၀၆၂-၂၁၆၂၄** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (အဆင့်မြင့်)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/U-9)၊ မြေကွက်အမှတ်(၂၇၃)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကအကျယ် ဦးသိန်းစိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်(အရပ်ခေါ်) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၈)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် (၂၇၃)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်သူ ဦးဇော်ဦး ၁၂/ဥကမ(နိုင်) ၀၇၁၄၉၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ သက်သေအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ ၇ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော်(စဥ်-၈၃၈၇)**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၆)၃လွှာ၊ ၁၂၀လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၀၀၇၀၄၂**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့ နောင်ခိုရပ်ကွက် မင်းလှရပ် ကွင်းအမှတ်(၁၆၇)၊ ဦးပိုင်အမှတ်(၂၆၆/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၉၁ ဧကကို ဦးဇော်ထွန်းအောင် ၅/မမန(နိုင်)၀၇၅၄၀၂ က မိဘအမွေ အဖြစ် ပိုင်ဆိုင်ထားပါသည်။ ယခုအခါ ၎င်းမြေအား ဦးဇော်ထွန်းအောင် အမည်ဖြင့် မြေငှား ဂရန်သစ်လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားအခိုင်အလုံ ဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဦးဇော်ထွန်းအောင်**
**နောင်ခိုရပ်ကွက်၊ မင်းလှရပ်၊ ဇန်းမော်မြို့**

## ကန့်ကွက်နိုင်ကြောင်း

ကျောက်ဆည်မြို့၊ အေးမြကြည်လင်အုပ်စု၊ ကွင်းအမှတ်(၁၉၁)၊ ပေါက်တောကွင်း၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ ၀ ဒသမ ၀၄၃ ဧကရှိ ဝိုင်းမြေကွက်သည် ဦးကျော်ဝင်း အမည်ဖြင့် ကျောက်ဆည်မြို့၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမြေနေရာချထားရေးကော်မတီ၏ ၂-၅-၂၀၀၅ ရက်စွဲပါ မြေပေးအမိန့် (က/၄၄ တစသ)အရ ချထားပေးခဲ့သော မြေပေး အမိန့်မှာ ပျောက်ဆုံးသွားသဖြင့် ဇနီးဖြစ်သူ ဒေါ်မမလေးမှ ၎င်းအမည်ဖြင့် ဂရန်အသစ် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း။ **ဒေါ်မမလေး ၉/ကဆန(နိုင်)၀၄၅၉၄၈၊**
**ဖုန်း-၀၉-၄၄၄၀၁၇၉၆၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်အောင်ကျော်မင်း ၈/မကန(နိုင်)၂၂၈၆၈၆၏ နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၂၀၁၇၈၄၄**

## အများသိစေရန် ကြေညာခြင်း

တောင်ငူမြို့၊ (၁၇)ရပ်ကွက်၊ ကုန်သည်ကြီးလမ်း၊ အမှတ်-၁၄၂ နေ ဦးပြည့်ဖြိုး မောင် (ဘ) ဦးမျိုးသိန်း (ခ) ဦးအိကောင်း ၇/တငန(ဧည့်)၀၀၀၂၆၆ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

တောင်ငူမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ မြေတိုင်းအခေါ် ကွင်း/အကွက် အမှတ်နှင့် အမည် (၇+၈)၊ တိုက်တန်းဝွေ့ဇီးကွင်း၊ ဦးပိုင်အမှတ်-က/၂၂၆၊ မြေဧရိယာ ၀ ဒသမ ၀၉၁ ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၄ x ၃) ပင်၊ ပျဉ်ခင်း၊ အုတ်ပတ်၊ သွပ်မိုး နှစ်ထပ်အိမ်ခြံမြေ၊ အလားလေးရပ်မှာ-အရှေ့ဘက်-မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ အနောက်ဘက်-ရတနာလမ်း၊ တောင်ဘက်-ဒေါ်တုတ် အိမ်ခြံ၊ မြောက်ဘက်-ဒေါ်အမာ အိမ်ခြံ အလားလေးရပ်အတွင်းရှိ အိမ်ခြံမြေနှင့် တောင်ငူမြို့၊ (၁၇)ရပ်ကွက်၊ ရတနာလမ်းရှိ အကွက်အမှတ် (၇+၈)၊ တိုက်တန်း ဝွေ့ဇီးကွင်း၊ ဦးပိုင်အမှတ်-၂၁၆၊ မြေဧရိယာ ၀ ဒသမ ၀၃ ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော RC (၃)ထပ်တိုက်နေအိမ် တစ်လုံး အလားလေးရပ်မှာ-အရှေ့ဘက်-လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဦးစီးဌာန၊ အနောက်ဘက်-ရတနာလမ်း၊ တောင်ဘက်-ဦးဌေးလှိုင် အိမ်ခြံ၊ မြောက် ဘက်-ဟုန်စင် အပေါင်ဆိုင် အလားလေးရပ်အတွင်းရှိ ဒေါ်ရှုမေ အမည်ပေါက် အိမ်နှင့် ခြံတို့အား အဒေါ်တော်စပ်သူ ဒေါ်ရှုမေမှ ၂၈-၃-၂၀၂၁ ရက်တွင် ကျွန်ုပ် မိတ်ဆွေ ဦးပြည့်ဖြိုးမောင်အား မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့၍ လက်ရောက် ရရှိပြီးဖြစ်သဖြင့် အထက်ပါ အိမ်နှင့် ခြံနှစ်ခုစလုံး၏ အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးပြည့်ဖြိုးမောင်သာလျှင် ပိုင်ဆိုင်နေကြောင်း၊ ဒေါ်ရှုမေမှ ပေးကမ်းခဲ့ပြီးဖြစ်၍ မည်သူ တစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်တော့ခြင်းမရှိကြောင်း၊ ယင်းပစ္စည်းများကို ကျွန်ုပ် မိတ်ဆွေ ဦးပြည့်ဖြိုးမောင်၏ ခွင့်ပြုချက်မပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်း ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်း သိရှိ ရပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **(လွှဲအပ်သူ)** | **ဦးစိုးကျော်ယု(LL.B)** |
| **ဦးပြည့်ဖြိုးမောင်** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဥ်-၉ ၁၂၅)(၂၇-၆-၂၀၁၃)** |
| | **(၂)ရပ်ကွက်၊ တေဇာခင်ဦး** |
| | **(၄)လမ်း၊ တောင်ငူမြို့** |
| | **ဖုန်း-၀၉-၄၂၈၁၅၄၉၅၄** |

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသံချောင်း(ခ)ဦးမောင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာပါသည်။




ပူးတွဲဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အဆင့်မြင့် သန့်စင်ပြီး ကျန်းမာရေးဆန် မနောသုခရှယ်ဆန်၊ ရောမင်းအိုးဝင်ခပ်ချက်ရှယ်ဆန်နှင့်အဆင့်မြင့် အကောင်းဆုံးဆန်အမျိုးမျိုးတို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသံချောင်း(ခ)ဦးမောင်မောင်က မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိရာ၌ တစ်ဦးတည်း မူပိုင်အသုံးပြုရန် ရည်ရွယ်၍ မန္တလေးမြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ဌာနမှူးရုံး၌ မှတ်ပုံတင်ကြေညာ စာတမ်းစာချုပ် အမှတ်(၇၆၁/၂၀၂၁) ဖြင့် ချုပ်ဆိုကြေညာ၍ မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ဦးသံချောင်း(ခ)ဦးမောင်မောင်၏ စာဖြင့် ကြိုတင်ရေးသားခွင့်ပြုချက် မရရှိဘဲ အတိအလင်းတုပခြင်း၊ ဆင်တူယိုးမှားတုပခြင်း၊ ဦးသံချောင်း (ခ)ဦးမောင်မောင်၏ အကျိုးစီးပွားကို ထိခိုက်နစ်နာအောင် အခြားနည်းလမ်းတစ်ခုခုဖြင့် ပြုမူ ဆောင်ရွက်သူ မည်သူ့ကိုမဆိုပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း သတိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၆၃၄၅)**

| | | |
|---|---|---|
| **ဒေါ်ခိုင်သူဇာလင်း(LL.B)** | **ဦးထက်အောင်ကျော်(LL.B)** | **ဦးသိန်းသန်းဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၉၂၈၆)** | **အထက်တန်းရှေ့နေ(စဥ်-၄၈၆၉၈)** | **အထက်တန်းရှေ့နေ(စဥ်-၄၇၈၀၇)** |
| | **ဒေါ်သူဇာကျော်(LL.B)** | **ဒေါ်ဇင်မာစိုး(LL.B)** |
| | **အထက်တန်းရှေ့နေ(စဥ်-၄၉၅၉၆)** | **အထက်တန်းရှေ့နေ(စဥ်-၄၈၆၀၇)** |

**ခိုင်သစ္စာ ဥပဒေဝန်ဆောင်မှု**
**(၆၈)လမ်း၊ (၂၉ x ၃၀) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၂၂၅၆၁၊ ၀၉-၂၅၉၂၂၀၃၄၅၊ ၀၉-၄၄၄၀၃၄၂၇၅၊ ၀၉-၄၃၁၈၆၃၅၁**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသံချောင်း(ခ)ဦးမောင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း သတိပေးကြေညာပါသည်။




ပူးတွဲဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အဆင့်မြင့် အကောင်းဆုံးအိုးဝင်ဆန်အမျိုးမျိုးတို့ ကို ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသံချောင်း(ခ)ဦးမောင်မောင်က မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက် ရှိရာ၌ တစ်ဦးတည်း မူပိုင် အသုံးပြုရန် ရည်ရွယ်၍ မန္တလေးမြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ဌာနမှူးရုံး၌ မှတ်ပုံတင် ကြေညာ စာတမ်းစာချုပ်အမှတ်(၇၆၂/၂၀၂၁) ဖြင့် ချုပ်ဆိုကြေညာ၍ မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ဦးသံချောင်း(ခ)ဦးမောင်မောင်၏ စာဖြင့် ကြိုတင်ရေးသားခွင့်ပြုချက် မရရှိဘဲ အတိအလင်းတုပခြင်း၊ ဆင်တူယိုးမှားတုပခြင်း၊ ဦးသံချောင်း (ခ)ဦးမောင်မောင်၏ အကျိုးစီးပွားကို ထိခိုက်နစ်နာအောင် အခြားနည်းလမ်းတစ်ခုခုဖြင့် ပြုမူဆောင်ရွက်သူ မည်သူ့ကိုမဆို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲတရား ဥပဒေများ နှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း သတိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၆၃၄၅)**

| | | |
|---|---|---|
| **ဒေါ်ခိုင်သူဇာလင်း(LL.B)** | **ဦးထက်အောင်ကျော်(LL.B)** | **ဦးသိန်းသန်းဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၉၂၈၆)** | **အထက်တန်းရှေ့နေ(စဥ်-၄၈၆၉၈)** | **အထက်တန်းရှေ့နေ(စဥ်-၄၇၈၀၇)** |
| | **ဒေါ်သူဇာကျော်(LL.B)** | **ဒေါ်ဇင်မာစိုး(LL.B)** |
| | **အထက်တန်းရှေ့နေ(စဥ်-၄၉၅၉၆)** | **အထက်တန်းရှေ့နေ(စဥ်-၄၈၆၀၇)** |

**ခိုင်သစ္စာ ဥပဒေဝန်ဆောင်မှု**
**(၆၈)လမ်း၊ (၂၉ x ၃၀) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၂၂၅၆၁၊ ၀၉-၂၅၉၂၂၀၃၄၅၊ ၀၉-၄၄၄၀၃၄၂၇၅၊ ၀၉-၄၃၁၈၆၃၅၁**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသံချောင်း(ခ)ဦးမောင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာပါသည်။




ပူးတွဲဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ထမင်းအာမခံ အဆင့်မြင့် သန့်စင်ပြီး ဆန်အမျိုးမျိုးတို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသံချောင်း(ခ)ဦးမောင်မောင်က မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ၊ လက်ကားဖြန့်ဖြူး ရောင်းချလျက်ရှိရာ၌ တစ်ဦးတည်း မူပိုင်အသုံးပြုရန် ရည်ရွယ်၍ မန္တလေးမြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ဌာနမှူးရုံး၌ မှတ်ပုံတင်ကြေညာ စာတမ်းစာချုပ်အမှတ်(၇၆၃/၂၀၂၁) ဖြင့် ချုပ်ဆိုကြေညာ၍ မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ဦးသံချောင်း(ခ)ဦးမောင်မောင်၏ စာဖြင့် ကြိုတင်ရေးသားခွင့်ပြုချက် မရရှိဘဲ အတိအလင်းတုပခြင်း၊ ဆင်တူယိုးမှားတုပခြင်း၊ ဦးသံချောင်း (ခ)ဦးမောင်မောင်၏ အကျိုးစီးပွားကို ထိခိုက်နစ်နာအောင် အခြားနည်းလမ်းတစ်ခုခုဖြင့် ပြုမူဆောင်ရွက်သူ မည်သူ့ကိုမဆိုပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲ တရားဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း သတိပေး ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၆၃၄၅)**

| | | |
|---|---|---|
| **ဒေါ်ခိုင်သူဇာလင်း(LL.B)** | **ဦးထက်အောင်ကျော်(LL.B)** | **ဦးသိန်းသန်းဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၉၂၈၆)** | **အထက်တန်းရှေ့နေ(စဥ်-၄၈၆၉၈)** | **အထက်တန်းရှေ့နေ(စဥ်-၄၇၈၀၇)** |
| | **ဒေါ်သူဇာကျော်(LL.B)** | **ဒေါ်ဇင်မာစိုး(LL.B)** |
| | **အထက်တန်းရှေ့နေ(စဥ်-၄၉၅၉၆)** | **အထက်တန်းရှေ့နေ(စဥ်-၄၈၆၀၇)** |

**ခိုင်သစ္စာ ဥပဒေဝန်ဆောင်မှု**
**(၆၈)လမ်း၊ (၂၉ x ၃၀) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၂၂၅၆၁၊ ၀၉-၂၅၉၂၂၀၃၄၅၊ ၀၉-၄၄၄၀၃၄၂၇၅၊ ၀၉-၄၃၁၈၆၃၅၁**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၂၀၂၁-၂၀၂၂၊ (၆)လ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၄-၁၀-၂၀၂၁ရက်(တနင်္လာနေ့) |
| (ခ) | **တင်ဒါလျှောက်လွှာရောင်းချမှု ပိတ်သိမ်းမည့်ရက်** | - | ၂၉-၁၀-၂၀၂၁ရက်(သောကြာနေ့) |
| (ဂ) | **တင်ဒါလျှောက်လွှာ(နောက်ဆုံး) တင်သွင်းရမည့်ရက်/အချိန်** | - | ၂-၁၁-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - | ၂-၁၁-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီ |

၂။ အသေးစိတ်အချက်အလက်များကို မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၅၇-၂၀၂၄၀၈၅၊ ၀၅၇-၂၀၂၄၂၆၅၊ ၀၅၇-၂၀၂၄၃၆၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

---

## စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်ထောင်စုမွမ်းမံ/တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁-၁၀-၂၀၂၁ ရက်(သောကြာနေ့) (ရုံးချိန်အတွင်း) |
| (၂) | **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** | - | ၂၈-၁၀-၂၀၂၁ ရက်(ကြာသပတေးနေ့) (ရုံးချိန်အတွင်း) |
| (၃) | **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၂၉-၁၀-၂၀၂၁ ရက်၊ ၁၆:၀၀ နာရီအထိ |
| (၄) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး |

၂။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၀၂၆၅၂၀၊ ၂၀၂၆၁၉၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## (မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေပုဒ်မ ၃၂ အရ)
## မန္တလေးခရိုင်တရားရုံး၌
## (ဂရိတ်ဝေါလ်ဝေမာလ်ဟိုးဒင်းစ်ကုမ္ပဏီလီမိတက်၏အရေး၌)
## ၂၀၂၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၉

| | | |
|---|---|---|
| ဦးတင်မောင်၊ ဒါရိုက်တာ ဂရိတ်ဝေါလ်ဝေမာလ်ဟိုးဒင်းစ် ကုမ္ပဏီလီမိတက် (Great Wall-Wilmar Holdings Company Limited) အမှတ်(၁)၊ ကိုယ်ပိုင်အိမ်ရာ၊ ၃၁ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ | နှင့် | ဂရိတ်ဝေါလ်ဝေမာလ်ဟိုးဒင်းစ် ကုမ္ပဏီလီမိတက် (Great Wall-Wilmar Holdings Company Limited) ၆၇ လမ်းနှင့် ၁၀၇ လမ်းထောင့်၊ ဦးပိုင်အမှတ်-၁+၂၊ အကွက်(SA-2) မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည် မြို့နယ်၊ မန္တလေးမြို့ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |

ဂရိတ်ဝေါလ်ဝေမာလ်ဟိုးဒင်းစ်ကုမ္ပဏီလီမိတက်သည် မန္တလေးမြို့တွင် ရုံးခန်းဖွင့်လှစ်ပြီး၊ သကြားစက်ရုံမှ သကြားထုတ်လုပ်ခြင်းကို အဓိကအားဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည့် ဂရိတ်ဝေါလ်ဝေမာလ်ဟိုးဒင်းစ်ကုမ္ပဏီလီမိတက်၊ (Great Wall- Wilmar Holdings Company Limited)သည် ကုမ္ပဏီလုပ်ငန်းကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ရန်မဖြစ်နိုင်တော့သဖြင့် ကုမ္ပဏီကို တရားရုံး၏အမိန့်စာရင်း ရှင်းလင်းဖျက်သိမ်းရန် မြန်မာနိုင်ငံများဥပဒေပုဒ်မ-၂၉(စ)အရ လျှောက်ထားသောအမှုတွင်-

အထက်အမည်ပါ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသူက (၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်နေ့) (၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်)တွင် မန္တလေးခရိုင် တရားရုံးတော်၌ နံနက် ၁၀:၀၀ နာရီတွင် စစ်ဆေးကြားနာမည်ဖြစ်ရာ အထက်ပါဥပဒေအရ အဆိုပါကုမ္ပဏီကိုဖျက်သိမ်းရန် အမိန့်ထုတ်ပေးခြင်းအပေါ် ကန့်ကွက်လိုသော်လည်းကောင်း၊ ကုမ္ပဏီ၏မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ သို့မဟုတ် အစုပါဝင်သူတစ်ဦးတစ်ယောက်တို့သည် ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့၏ အခွင့်အမိန့်အရ ရှေ့နေတစ်ဦးဦးနှင့်ဖြစ်စေ၊ ကြားနာစစ်ဆေးမည့် အဆိုပါချိန်းဆိုထားသည့် နေ့ရက်တွင် ထိုကိစ္စအတွက် လာရောက်ရန် ကြော်ငြာလိုက်သည်။ အောက်တွင် လက်မှတ်ရေးထိုးသူထံ အဆိုပါကုမ္ပဏီ၏မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ သို့မဟုတ် အစုပါဝင်သူ မည်သူမဆို ၎င်းလျှောက်ထားသည့်လျှောက်လွှာမိတ္တူတစ်စောင်ကို အလိုရှိပါက ၎င်းအတွက် သတ်မှတ်ထားသော နှုန်းပေးသွင်းလျှင် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာပါသည်။

**ဒေါ်နန္ဒာမြင့်သိန်း**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၀၃၆/၂၁-၁၂-၂၀၁၁)**
**အမှတ်(၂/၂၄)၊ ၈၄ လမ်း၊ ၂၄ x ၂၅ လမ်းကြား၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

---

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## (ဧရာဝတီတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်ထုတ်လမ်း(၂/ ၂ ဒသမ ၈၂)မိုင်(မြေရောကျောက်လမ်း၊ ဂဝံလမ်း၊ မြေသားလမ်း)နှင့် ကွန်ကရစ်တံတား(၃)စင်းတည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် တင်ဒါလျှောက်လွှာပုံစံများကို ၁-၁၀-၂၀၂၁ ရက်မှ ၁-၁၁-၂၀၂၁ရက်အထိ Online စနစ်ဖြင့် ဝယ်ယူနိုင်ပြီး ၂-၁၁-၂၀၂၁ရက် နံနက် ၉:၃၀နာရီနောက်ဆုံးထား ပြန်လည်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါရှင်းလင်းပွဲအား ၂၈-၁၀-၂၀၂၁ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (သီးခြားဖိတ်စာမပို့ပါ) အသေးစိတ်သိရှိလိုပါက ပုသိမ်မြို့၊ မြက်တိုမဟာစေတီလမ်းရှိ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်းနံပါတ် ၀၄၂-၂၉၂၀၇၊ ၀၄၂-၂၉၂၀၉ သို့ ရုံးချိန်အတွင်းနှင့် ayy.drd@drdmyanmar.net သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ပျောက်ဆုံးကြောင်း

မောင်ချစ်မင်းလွင် ၁၂/ထတပ(နိုင်)၀၆၄၂၃၉ ၏ နိုင်ငံကူး လက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၈၈၀၈၅၈**

---

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ ကျွန်မဒေါ်ခင်မြင့်မြင့်သန်း (ဘ)ဦးစိန်ကြီး ၅/ဟမလ(နိုင်)၀၀၃၃၄၈ သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၆-၁-၂၀၂၁ရက်စွဲပါ ခွင့်ပြုချက်အမှတ် (၀၁၇၇)ဖြင့် အရောင်းပြခန်းမှ မော်တော်ယာဉ်ဝယ်ယူခွင့်ပြုသည့် အကြောင်းကြားစာ(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၂၀၁၈၄၄၃**

---

## ပျောက်ဆုံးကြောင်း

ဒေါ်နုနုဖြိုး၏ သွင်းကုန်ပါမစ်-ISP IDV8. 2021. 02431 (8-1-2021), ဒေါ်အေးအေးထွေး၏ သွင်းကုန်ပါမစ်-ISP IDV8. 2021. 01816(21-12-2020), ဦးစိုးတင့်၏ သွင်းကုန်ပါမစ်-ISP IDV8. 2021. 01701 (16-12-2020)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၂၀၈၂၄၈၃**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/5973 Mitsubishi Pajero V75 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ဦး ၅/စကန(နိုင်)၀၂၅၇၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(စစ်ကိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/6134 အမည်ပေါက်သူ ဦးကျော်ဦး ၁၂/ပဘတ(နိုင်)၀၀၂၂၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ မရွှမ်းရွှမ်း ၁/မကန(နိုင်)၂၁၃၃၇၈ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၅၃၅၃၈**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗန်းမော်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ မည်သူမဆို အိတ်ဖွင့်တင်ဒါ (Open Tender) လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် ရက်/နေရာ** | - | ၁၅-၁၀-၂၀၂၁ ရက်(သောကြာနေ့) (ရုံးချိန်အတွင်း) ဗန်းမော်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး |
| ၃။ | **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - | ၂-၁၁-၂၀၂၁ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂:၀၀ နာရီ |
| ၄။ | **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်နှင့်နေရာ** | - | ၃-၁၁-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀:၀၀ နာရီ၊ ဗန်းမော်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး |

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဗန်းမော်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ ဖုန်း-၀၉-၄၀၀၀၂၅၄၀၂ သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းဝယ် ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ဂေါ်သဇင်လမ်း၊ အကွက်အမှတ် (၃၅)၊ အလျား ၈၀ ပေx အနံ ၆၀ ပေ၊ ဧရိယာ ၀ ဒသမ ၁၁၀ဧက ကျယ်ဝန်းသည့် အရှေ့လားသော်-ပေ ၄၀ လမ်း၊ အနောက်လားသော်-ဂေါ်သဇင်လမ်း၊ အကွက်အမှတ်(၃၃)၊ တောင်လားသော်-ဂေါ်သဇင်လမ်း၊ မြောက်လားသော်-၁၂လမ်း၊ အကွက်အမှတ်(၄၀)၊ ၎င်းနယ်လေးရပ်အတွင်းတည်ရှိသည့် မြေကွက်သည် ၁၉၉၅ခုနှစ်မှ စတင်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်စိုး ၅/မရန(နိုင်)၀၂၆၀၈၆ လက်ထံလက်ရောက် ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်ကို ဝယ်ယူစဉ်က ပိုင်ရေးဆိုင်ခွင့်စာရွက်စာတမ်း အထောက်အထားများ လိုအပ်ချက်များရှိနေပါသဖြင့် မည်သူမဆို မူရင်းပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများရှိခဲ့ပါက သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ၁၂-၁၀-၂၀၂၁ ရက်အတွင်း လာရောက်ကန့်ကွက် တားမြစ်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါဝင်းခြံမြေကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းနွယ် (LL.B) (LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၂၉၇၂၂)**
**သလ္လာ(၉)၊ သာစည်လမ်း၊ မုံရွာမြို့**
**ဖုန်း-၀၉-၉၇၇၃၄၃၄၉၅၊ ၀၉-၄၀၀၀၄၆၆၃၉၈**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်မှ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်အမှတ်(ပ-၂၂၀၄၁)၊ ဦးအုန်းကျော် ၁၄/ကခန(နိုင်)၀၂၀၉၇၈ (ဘ)ဦးဂျန် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်မျိုးချို ၁/ကမန(နိုင်)၀၀၀၂၂၂ (ဘ)ဦးမောင်စိန်မှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၀၄/၂၀၂၁)တင်ပြ၍ ဒေါ်ဆဘော်ဆိုင်းလောဒ် ၉/ခမစ(နိုင်)၀၅၈၁၇၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ မတ်လအထိ) ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) (၄၀'x၈၀')ဂိုဒေါင်တစ်လုံးဆောက်လုပ်ခြင်း(Ceiling Height ၁၂'-၆")
(ခ) Luxury Furniture ပရိဘောဂပစ္စည်းများဝယ်ယူခြင်း
- (၁) Sofa 1 Seater(20Nos)
- (၂) Sofa 2 Seater(1No)
- (၃) Coffee Table(1No)
- (၄) Side Table(20Nos)

(ဂ) 30Hp Centrifugal Pump With Motor(3)Sets ဝယ်ယူတပ်ဆင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၇-၁၀-၂၀၂၁ရက်(ကြာသပတေးနေ့)မှ ၂၆-၁၀-၂၀၂၁ရက်(အင်္ဂါနေ့) (၁၆:၀၀)နာရီထိ |
| (ခ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** | - | ၂၉-၁၀-၂၀၂၁ရက်(သောကြာနေ့) (၁၆:၀၀)နာရီထိ |

၃။ တင်ဒါဖွင့်မည့်ရက်အား ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားပါမည်။
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**အိမ်တော်များထိန်းသိမ်းရေးဌာန၊ အိမ်တော်များဌာနကြီး**
**ဖုန်း-၀၆၇-၄၁၅၉၀၂၀၂၊ ၀၆၇-၄၁၅၉၀၁၆၈၊ ၀၉-၄၂၀၇၂၉၈၈၆၊ ၀၉-၈၉၃၉၆၄၅၃၈**

---

## ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့
## ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ၆ လတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ကုန်ထုတ်လမ်း/တံတား၊ ရေရရှိရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်** | - ၇-၁၀-၂၀၂၁ ရက်မှ ၂-၁၁-၂၀၂၁ ရက်ထိ<br>- နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီထိ |
| (ခ) | **တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နောက်ဆုံးရက်/အချိန်** | - ၁၈-၁၀-၂၀၂၁ရက်မှ ၂-၁၁-၂၀၂၁ ရက်ထိ<br>- ညနေ ၄:၃၀ နာရီ နောက်ဆုံးလက်ခံပါမည် |
| (ဂ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၃-၁၁-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉:၃၀ နာရီ |
| (ဃ) | **တင်ဒါလျှောက်လွှာရောင်းချ/ ဖွင့်လှစ်မည့်နေရာ** | - ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(၈၉၂-ဘီ)၊ တပင်ရွှေထီးလမ်း၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇-အေ)၊ ပဲခူးမြို့။ |

၂။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါ လိပ်စာရှိရုံးဌာနသို့ လာရောက်စုံစမ်းနိုင်ပြီး ဖုန်း-၀၅၂-၂၂၃၀၆၅၉၊ ၀၅၂-၂၂၃၀၅၉၂ နှင့် Email-bagotender2021@gmail.com သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## ကွန်ဒိုမီနီယံတိုက်ခန်း အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းနှင့် ရှမ်းလမ်းအနီး iGREEN Construction Co.,Ltd မှ ဆောက်လုပ်သည့် ဓမ္မကဝတီလမ်း၊ ၂၅ ပေx ပေ ၅၀၊ ၁၂၅၀ စတုရန်းပေ၊ Level-3 (ကွန်ဒိုမီနီယံဓာတ်လှေကားပါ)ပါကေးခင်းထားပြီး Master Bedroom (၂)ခန်း၊ ရိုးရိုး (၁)ခန်း၊ ဧည့်ခန်း၊ ဘုရားခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်းပါ အဲယားကွန်းတပ်ဆင်ပြီး လက်ရှိအငှားရှိ၊ ဈေးနှုန်းကျပ်သိန်း ၁၆၅၀၊ **(ညှိနှိုင်းဈေး)**

**ဦးရာလူရမည်၊ ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၀၆၇၃**

---

## ကန့်ကွက်နိုင်ကြောင်း

ကျွန်တော် ဦးဝင်းမောင် ၁၁/ရသတ(နိုင်)၀၁၄၆၄၉ ၏ တည်ဆောက်လျက်ရှိသော သောက်ရေသန့်စက်ရုံအမည်ကို မေတ္တာမိုး (Myittar Moe) သောက်ရေသန့်စက်ရုံဟု အမည်ပေးထားပါသည်။ ဤအမည်ကို အမည်ပေးထားသော သောက်ရေသန့် စက်ရုံရှိပါက ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးဝင်းမောင်**
**ဖုန်း-၀၉-၄၄၂၅၂၅၄၃၃**

---

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၈)လမ်း၊ အပိုင်း(၃)၊ အမှတ်(၁၈၈)ဟုခေါ်တွင်သည့် (၅)ထပ်တိုက်အဆောက်အအုံ၏ ၅လွှာ(ဘီ)ခြေရင်းခန်းအကျယ်အဝန်း(၁၂ပေx ပေ၅၀)အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်ချောစုလှိုင် ၁၂/ဥကတ(နိုင်)၁၄၈၉၈၆ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၃ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိစေရန် ကြေညာအပ်ပါသည်။

**ဦးသောင်းဝင်း**
**၁၂/ဥကမ(နိုင်)၀၀၄၂၁၄**

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ဓမ္မာရုံ၊ နတ်လမ်း၊ တံတား၊ ရေတွင်း၊ ရေကန် အလှူရှင် ဒါယိကာမကြီး

## ဒေါ်ခင်စိန်

အသက်(၁၀၃)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်)(တိုင်းပညာဝန်-ငြိမ်း)၏ဇနီး၊ ဦးဝင်းမော်-ဒေါ်ခင်ခင်လေး(Forever Group)တို့၏ကျေးဇူးရှင်မိခင် ကြီး၊ ဒေါက်တာဟိန်းထက်အေး-မြေး ဒေါက်တာခင်လင်းမော်တို့၏ချစ်လှစွာသောအဘွား ဒေါ်ခင်စိန်သည် ၂၈-၉-၂၀၂၁ရက် (အင်္ဂါနေ့) ည ၈နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၀-၉-၂၀၂၁ရက် နံနက် ၉နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

## ဦးညာဏ်လင်း

အသက်(၈၂)နှစ်

လ/ထ အထွေထွေမန်နေဂျာ ( ငြိမ်း)

မြန်မာ့သစ်လုပ်ငန်း

ရန်ကုန်မြို့၊ တိုက်(၁၅)၊ အခန်း (၁၀၂)၊ အောင်သပြေလမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်နေ ဒေါက်တာမြင့်မြင့်နွယ် (ကမာရွတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး(ငြိမ်း) ၏ ခင်ပွန်း၊ သုံးဆယ်မြို့နေ (ဦးကြင်ဝှက်-ဒေါ်ချော) တို့၏ သားကြီး (ဦးတောဝါ-ဒေါ်ကြင်မြ)တို့၏ သားသမက်၊ ဦးသီဟကျော်လင်း-ဒေါ်ပြည့်ပြည့်၊ ဦးသန်းနိုင်ထွန်း-ဒေါ်ထက်ထက်လင်း၊ ဦးဖြိုးကျော်စွာလင်း-မသဲဆုမွန်တို့၏ ကျေးဇူးရှင် ဖခင်၊ မြေး (၅) ယောက်တို့၏ အဖိုးသည် ၃၀-၉-၂၀၂၁ (ကြာသာပတေးနေ့) နံနက် ၄း၀၀နာရီတွင် ငြိမ်းအေးစွာဖြင့် ဘဝတပါးသို့ ကူးပြောင်းကွယ်လွန် သွားပါသဖြင့် ၂-၁၀-၂၀၂၁ (စနေနေ့) နေ့လည် ၂း၀၀ နာရီ ချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုလ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများ အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးညာဏ်လင်း

လ/ထ အထွေထွေမန်နေဂျာ(ငြိမ်း)

မြန်မာ့သစ်လုပ်ငန်း

အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ တိုက်အမှတ် (၁၅)၊ အခန်း (၁၀၂)၊ အောင်သပြေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါက်တာ ဒေါ်မြင့် မြင့်နွယ်(ကမာရွတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး)၏ ခင်ပွန်းဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဦးညာဏ်လင်း (လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း)သည် ၃၀-၉-၂၀၂၁ရက် (ကြာသပတေးနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် အထူး ဝမ်းနည်းကြေကွဲရပါသည်။

Smart Family Co.,Ltd.

မိသားစု

ဦးသန်းနိုင်ထွန်း-မထက်ထက်လင်း

(သား) ပိုင်စိုးနိုင်ထွန်း၊ စိုးမိုးနိုင်ထွန်း

မသန်းသန်းနွယ်၊ မချိုချိုနွယ်

(မပို့-မချို ရောင်းဝယ်ရေး)

သွေးသည် အသက်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/1052 ယာဉ်လက်ဝယ်ရှိသူဦးကျော်ဦး၁၂/ပဘတ(နိုင်) ၀၀၂၈၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ တိုင်းရုံး(ပဲခူး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/11211 Honda Drean 125 ယာဉ်လက် ဝယ်ရှိသူ ဒေါ်ရီရီသိန်း ၁၂/တတန(နိုင်) ၁၁၁၇၃၈ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)

## ဒေါ်ခင်ခင်ထွေး

အမက(၁၀)ဒဂုံ(ငြိမ်း)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၅)နေ (ဦးစံထွေးအောင်-ဒေါ်ခင်ကြည်)တို့၏တတိယသမီး၊ ဦးမောင်သိန်း-ဒေါ်ခင်မြထွေး၊ ဦးနေဝင်း-ဒေါ်သန်းမြတ်ငွေးတို့၏ညီမ၊ ဦးစိုးလေး-ဒေါ်စန်းစန်းအောင်၊ ဒေါ်စိုးစိုးအောင်၊ ဦးခင်မောင်ထွေး-(ဒေါ်ကြည်ကြည်ဝင်း)တို့၏အစ်မ၊ ကိုမိုးကျော်စွာ-မဖူးပွင့်အောင်၊ ကိုကျော်မင်းခန့်-မသီတာ၊ မခင်သက်ငွေး၊ ကိုစိုးသာတို့၏အဒေါ် မြေးနှစ်ယောက်၏အဘွားသည် ၂၉-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၂၀တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၀-၁၀-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် သဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၂၁ရက်(အင်္ဂါနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်တင့်

အသက် (၈၅)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်-ဒေါ်မိုးစန္ဒာဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်တင့်သည် ၃၀-၉-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန

ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်တင့်

အသက် (၈၅)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်-ဒေါ်မိုးစန္ဒာဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်တင့်သည် ၃၀-၉-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်တင့်

အသက် (၈၅)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် ဇနီး ဒေါ်မိုးစန္ဒာဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်ခင်တင့်သည် ၃၀-၉-၂၀၂၁ ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး

တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ မီးသတ်ဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်မြင့်သွင်

အသက်(၇၃)နှစ်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးကျော်ဇင်လတ်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဖြိုးတို့၏မိခင် ဒေါ်မြင့်မြင့်သွင်သည် ၂၉-၉-၂၀၂၁ရက် မွန်းလွဲ ၁း၃၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ယွန်းပညာကောလိပ် မိသားစု

(ပုဂံမြို့)

ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် အလှူရှင် ဒါယကာကြီး

## ဦးတင့်ဝေ

အသက် (၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၃၊ သုခမလမ်း၊ ဆရာစံတောင်ပိုင်းနေ (ဦးထွန်းကြွယ်-ဒေါ်သန်း)တို့၏သား၊ ဒေါ်ကြည်မြင့် (JAT -ငြိမ်း) အထက(၂) ဗဟန်း၊ ဒေါ်နွဲ့၊ ဒေါ်ချိုနော်ဇာတို့၏မောင်၊ ဦးမြတ်နိုးဦး-ဒေါ်နီလာတင်၊ ကိုမှူးသီဟသူ (MRTV-4) တို့၏မွေးသဖခင် ကျေးဇူးရှင်၊ မောင်ထက်အောင်ရှိုင်း၊ မောင်ဘုန်းမြတ်ကောင်းကင်တို့၏အဘိုးဖြစ်သူ ဦးတင့်ဝေသည် ၂၉-၉-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၂၁ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/9992 ယာဉ် လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၉/လဝန(နိုင်) ၀၆၃၆၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(နေပြည်တော်)

## ဒေါက်တာ မန်းစိုးမြင့်

ညွှန်ကြားရေးမှူး(ငြိမ်း)(ခေတ်ခွဲ)

(National Health Laboratory)

ကျန်းမာရေးဦးစီးဌာန

(ကတိုးကော့နတ်)

အသက် (၉၃)နှစ်

(ဦးဘအောင်-ဒေါ်စိန်အိ)တို့၏သား၊ (ဒေါက်တာ နိုင်ပန်းလှ-ဒေါ်သိန်းနွယ်)တို့၏သားသမက်၊ ဒေါ်ခင်ခင်လှ၏ခင်ပွန်း၊ ဦးမင်းကွန်ထော-ဒေါ်နှင်းဖြူပြာဟန်၊ ဒေါ်မေစိုးမွန်-ဦးလှိုင်မိုးမြင့်၊ ဦးမင်းလှထောတို့၏ဖခင်၊ မဆုဝတီထော၊ မောင် Daniel မိုးမြင့်၊ မအိမီမီထောတို့၏အဘိုးဖြစ်သူ ဒေါက်တာ မန်းစိုးမြင့်သည် ၂၉-၉-၂၀၂၁ရက် ည ၁၀း၅၅ နာရီတွင် အမှတ် ၆၁ (A) ဖမိုင်ခွဲ၊ ပြည်လမ်းနေ အိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၂၁ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သွေးကြည်

အသက် (၉၀) နှစ်

ဦးဇင်အောင် (Chairman, Waaneiza World Wide Trading Company Limited)-ဒေါ်မီမီတင်(ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၏မိခင်ဖြစ်သူ ဒေါ်သွေးကြည် အသက် (၉၀)နှစ်သည် ၂၄-၉-၂၀၂၁ ရက် (တနင်္ဂနွေနေ့) ည ၁၁း၂၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစုများ

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်တင့်

အသက် (၈၅)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် ဇနီး ဒေါ်မိုးစန္ဒာဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်ခင်တင့်သည် ၃၀-၉-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

ဦးမြင့်သန်း-ဒေါ်မိမိအုန်း မိသားစု

ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်တင့်

အသက် (၈၅)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် ဇနီး ဒေါ်မိုးစန္ဒာဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်ခင်တင့်သည် ၃၀-၉-၂၀၂၁ ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကွယ်လွန်သူများအတွက်

ဝမ်းနည်းကြောင်းကြေညာခြင်း

ငပုတောမြို့နယ်အသင်း(ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ (၂) ဦးအေးတင်(၇၆)နှစ်သည် (၂၆-၇-၂၀၂၁)ရက်တွင်လည်းကောင်း၊ အတွင်းရေးမှူး ဦးစိုးမြင့်အောင်(၇၀)နှစ်သည် (၁-၈-၂၀၂၁)ရက်တွင်လည်းကောင်း၊ ရုံးအဖွဲ့မှူးဖြစ်သူ ဦးတင်လတ်မြင့် (၆၈)နှစ်သည် (၂၃-၇-၂၀၂၁)ရက်တွင်လည်းကောင်း ကွယ်လွန်သွားကြပါသည်။ မမျှော်လင့်ဘဲ ကွယ်လွန်ကြသူများအတွက် မိသားစုများနှင့်ထပ်တူ နှမြောတသ အထူးဝမ်းနည်းရပါကြောင်းနှင့် အဆင်ပြေသည့်နေ့ရက်တွင် အရေးပေါ်အမှုဆောင် အစည်းအဝေးခေါ်ယူမည်ဖြစ်ပါကြောင်း မြို့နယ်အသင်းသား အားလားလုံးသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ သူရဦးမောင်နီနှင့် အသင်းအမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း၊ တံတား၊ ဆေးရုံ၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး

## ဒေါ်ချိုချိုစိန်မောင်(ခ) Sally Seinmg

အသက် (၆၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် (၁/၈)နေ (ဦးစိန်မောင်-ဒေါ်တင်အေး) (စိန်မောင်ရုပ်ရှင်)တို့၏သမီးငယ်၊ ဦးသူရဇော်၊ ဒေါ်ငုဝါထွေး၊ ဦးသီဟဇော်၊ ဒေါ်ခင်ချိုချိုဇော်တို့၏မိခင်၊ မဆုမြင့်မိုရ်ဇော်၊ မောင်ကောင်းထွေးဇော်တို့၏အဘွားသည် ၂၉-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၁-၁၀-၂၀၂၁ ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။ )

ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်ပါမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၉ / ၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်




**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၉/၂၀၂၁ ကြိမ်မြောက် သတင်းစာ ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့်

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆




## ခရီးသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး မြန်မာ့မီးရထားက လူစီးရထားနှင့် ကုန်ရထားများပြေးဆွဲလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ့မီးရထားက ပြည်သူများခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်များ ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲပေးခြင်းအား ကျန်းမာရေးဝန်ကြီးဌာန၏ Standard Operating Procedure (SOP) လမ်းညွှန်ချက်နှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❑

## သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ဆက်လက်ဆောင်ရွက် ယနေ့ထိ စားအုန်းဆီ ပိဿာ ၃၅၆၇၃၀၀၊ တန်ချိန် ၅၈၂၉ တန် ရောင်းချခဲ့ပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻

## ယနေ့ သ တင်း အ ညွှန်း

**လက်ဆင့်ကမ်း စွမ်းရည်**

(၅၇)နှစ်မြောက်
မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့
ဂုဏ်ပြုဆောင်းပါး

စာ - ၁၀

**စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ လူနာတင်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်**

စာ - ၁၈